# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူ့အဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ - ၁၈၂)


၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက် | ၂၀၂၅ ခုနှစ်၊ မတ် ၁၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ် (၁၆၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရန်ကုန်တိုင်းဒေသကြီးတွင် တက္ကသိုလ်ဝင်စာမေးပွဲ ကျောင်းသား၊ ကျောင်းသူ ၃၇၄၆၈ ဦး လာရောက်ဖြေဆို

ရန်ကုန် မတ် ၁၇

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယနေ့နံနက် ၉ နာရီမှ စတင်၍ကျင်းပလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး အတွင်း၌လည်း သက်ဆိုင်ရာ စာစစ်ဌာနများ အလိုက် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ရန်ကုန်တိုင်း ဒေသကြီး အတွင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာန ၉၁ ခု ဖွင့်လှစ်ထားရှိပြီး စာမေးပွဲဖြေဆိုရန် ကျောင်းသား ကျောင်းသူ ၃၉၂၆၃ ဦး စာရင်းပေးသွင်းထားကာ ယနေ့ မြန်မာစာဘာသာ စတင်ဖြေဆိုသောနေ့၌ ကျောင်းသား ၁၆၇၇၆ ဦး၊ ကျောင်းသူ ၂၀၆၉၂ ဦး စုစုပေါင်း ၃၇၄၆၈ ဦး လာရောက် ဖြေဆိုခဲ့ကြောင်း သိရသည်။

"တိုင်းဒေသကြီး အတွင်းမှာ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆိုနိုင်အောင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်မှုနဲ့

*စာမျက်နှာ ၄ ကော်လံ ၁* ❖



**ယနေ့** *ဖတ်စရာ*



ဘက်စုံအသုံးဝင် ကြံသီးနှံပင်

ဆောင်းပါး စာ ၆

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့တွင် မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၀၈၈၈၉ ဦးရှိ

ပြည်တွင်းသတင်း စာ ၈

ဆိုရှယ်မီဒီယာပေါ်က ဆိုက်ဘာနှောင့်ယှက်မှုကို တုံ့ပြန်ဖို့ဆိုရာဝယ်

ဆောင်းပါး စာ ၁၆

**ထူးခြားသည့် နေ့အပူချိန်များ** ၁၇ - ၃ - ၂၀၂၅

| | | |
|---|---|---|
| ချောက်မြို့ | ၄၄ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| မကွေးမြို့ | ၄၃ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံမြို့ | ၄၂ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦးမြို့ | ၄၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံမြို့ | ၄၁ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပြည်မြို့ | ၄၁ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်းမြို့ | ၄၁ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေးမြို့ | ၄၁ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| မိတ္ထီလာမြို့ | ၄၁ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး(လေကြောင်းမိုးလေဝသ) | ၄၁ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူမြို့ | ၄၁ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူးမြို့ | ၄၁ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |

မြန်မာ့အလင်း

# အခါရာသီအလိုက် ဖြစ်ပေါ်တတ်သည့် သဘာဝဘေးများမှ ကြိုတင်ကာကွယ်

အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်အများအပြားတွင် လေဆင်နှာမောင်းများ၊ လေမုန်တိုင်းများ၊ တောမီးများ၊ လေပြင်းများကြောင့် လူသေဆုံးမှုနှင့် ထိခိုက်ပျက်စီးမှုတို့ လွန်စွာများပြားကြောင်း နိုင်ငံတကာသတင်းများတွင် တွေ့ရသည်။ မတ်လ ၁၄ ရက်မှစ၍ မစ်ဇိုးရီ၊ အာကင်ဆော၊ အိုကလာဟိုးမား၊ အလာဘားမား၊ မစ္စစ္စပီပြည်နယ်တို့မှာ သဘာဝဘေးအန္တရာယ်များကို ခံစားကြရပြီး သေဆုံးသူအရေအတွက်မှာ အနည်းဆုံး ၄၀ အထိ ရှိလာသည်။ လေဆင်နှာမောင်း တိုက်ခတ်မှုစုစုပေါင်း ၈၀ ခန့် မွှေနှောက်တိုက်ခတ်သွားခဲ့ပြီး ဓာတ်အားပြတ်တောက်မှုများလည်း ရှိနေသည်။ ပြင်းထန်သည့် ရာသီဥတုအခြေအနေများ အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်အချို့တွင် ဖြစ်ပေါ်နိုင်သည့် အလားအလာနှင့်စပ်လျဉ်း၍ မိုးလေဝသဌာနက ဆက်လက်သတိပေးထားသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် မိုးလေဝသဖြစ်စဉ်များ ကြီးမားပြင်းထန်လာသကဲ့သို့ အကြိမ်ရေလည်း ပိုမိုဖြစ်ပေါ်လာသည်။ သဘာဝဘေးအန္တရာယ်များလည်း ပိုမို၍ကျရောက်လာသည်။ သိပ္ပံနှင့်နည်းပညာမြင့်မားပြီး ချမ်းသာကြွယ်ဝသည့် အမေရိကန်ပြည်ထောင်စုကဲ့သို့သော ကမ္ဘာ့နိုင်ငံကြီးသည်ပင်လျှင် သဘာဝတရားကြီးကို မထိန်းချုပ်နိုင်သေး။ နိုင်ငံကြီးမားကျယ်ဝန်းသလောက် သဘာဝဘေးအန္တရာယ် နှစ်စဉ်ကြုံတွေ့ရပြီး သေကျေထိခိုက်ပျက်စီးမှုတို့လည်း အနည်းနှင့်အများဆိုသလို နှစ်စဉ်ရှိနေသည်။

မိမိတို့နိုင်ငံတွင်လည်း ပူပြင်းခြောက်သွေ့သည့် နွေကာလသို့ ရောက်ရှိလာပြီဖြစ်ပြီး နေ့အပူချိန်များ တစ်နေ့ထက်တစ်နေ့ မြင့်တက်လာနေသည်။ နေ့အပူချိန်များ မြင့်တက်လာခြင်းနှင့်အတူ အပူဒဏ်အန္တရာယ်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ် ကာကွယ်ရေးအတွက် သက်ဆိုင်ရာက အသိပေးနှိုးဆော်မှု ပြုနေပြီဖြစ်သည်။ ယခုလမှသည် လာမည့်နှစ်လအတွင်း နေ့အပူချိန်များ မြင့်မားနေမည်ဖြစ်ပြီး မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ကြောင်း၊ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း၊ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၅၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးထုတ်ပြန်ထားသည်။

ပြင်းထန်သည့် မိုးလေဝသဖြစ်စဉ်များက လေကြောင်းနှင့် ရေကြောင်းခရီးသွားလာမှုများအတွက် သတိပြုဖွယ်ဖြစ်သကဲ့သို့ ရပ်ရွာများအတွင်း နေထိုင်သူများလည်း သတိပြုနိုင်ကြရန် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် နှိုးဆော်လျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှုများသည် မိမိတို့နိုင်ငံတွင်လည်း ကြုံတွေ့နေရပြီဖြစ်သည့်အလျောက် ယခင်က မဖြစ်ခဲ့ဖူးသည့် သဘာဝဘေးအန္တရာယ်များ လွန်ခဲ့သည့်နှစ်များအတွင်း ဖြစ်ပေါ်ခဲ့သည်ကို သင်ခန်းစာယူ၍ မိမိတို့တတ်နိုင်သမျှ ကြိုတင်ပြင်ဆင် ကာကွယ်ထားကြရမည်ဖြစ်သည်။ ရာသီအလိုက် ဖြစ်ပေါ်နေသည့် မိုးလေဝသဖြစ်စဉ်များကို ကြိုတင်ခန့်မှန်းနိုင်သော်လည်း မဖြစ်လာစေရန် တားဆီး၍မရ။ သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ရာတွင်လည်း မိမိတို့နေထိုင်ရာ ရပ်ရွာဒေသများ၏ ပထဝီအနေအထား၊ မိမိနေအိမ်၏ အနီးပတ်ဝန်းကျင်အနေအထားတို့အပေါ်တွင်မူတည်၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားနိုင်သည်။ ဥပမာ လွင်ပြင်ဒေသများတွင် နေထိုင်သူများအဖို့ မိမိနေအိမ်ကို လေပြင်းဒဏ်ခံနိုင်ရန် အားဖြည့်ပြင်ဆင်မှုပြုလုပ်ခြင်း၊ အိမ်အနီးတွင် လဲပြိုနိုင်သည့် သစ်ပင်များရှိပါက သစ်ကိုင်းများချိုင်ခြင်း၊ ဒေါက်တိုင်များထောက်ခြင်းတို့ဖြင့် ကာကွယ်ကြရန်ဖြစ်သည်။

ရာသီအလိုက် ဖြစ်ပေါ်တတ်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ သတိပေးချက်များ၊ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ပညာပေးနှိုးဆော်ချက်များကို အလေးဂရုပြု၍ မိမိတို့တွင်ရှိနေသော အရင်းအမြစ်များဖြင့် သဘာဝဘေးအမျိုးမျိုးမှ ကြိုတင်ကာကွယ်ရေး၊ တစ်ဦးကိုတစ်ဦး အပြန်အလှန် အကူအညီပေးကာ လုံ့လဝီရိယအပြည့်၊ နိုးကြားသောအသိဖြင့် စုပေါင်းဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ ဒို့တာဝန်အရေး (၃) ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး (၃) ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။
- ☆ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များကူညီဆောင်ရွက်ပေးရေး။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈ - ၃ - ၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၈၀ | ၃၁၈၅ | ၃၀၆၀ | ၃၀၈၅ | ၃၂၀၀ | ၃၂၁၅ | ၃၂၃၅ | ၃၁၅၀ | ၄၅၀၅ | ၃၄၄၅ | ၃၁၇၀ | ၃၁၇၀ | ၃၂၄၀ | ၃၂၁၅ | ၃၂၂၅ | ၃၄၈၅ |
| 95 Ron | ၃၁၃၅ | ၃၂၅၀ | ၃၂၁၅ | ၃၁၅၀ | ၃၂၅၅ | ၃၂၇၀ | ၃၂၈၅ | ၃၂၁၅ | ၄၅၆၀ | ၃၅၀၀ | ၃၂၂၀ | ၃၂၂၅ | ၃၂၈၅ | ၃၂၆၀ | ၃၂၀၀ | ၃၅၃၅ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၇၀ | ၂၇၃၅ | ၂၆၇၀ | ၂၇၇၅ | ၂၇၈၀ | ၂၈၁၀ | ၂၇၂၅ | - | ၃၀၂၀ | ၂၇၄၅ | ၂၇၄၅ | ၂၈၁၅ | ၂၇၀၀ | ၂၈၀၅ | ၃၀၆၀ |
| HSD (50 ppm) | ၃၂၈၅ | ၃၄၀၀ | ၃၃၆၅ | ၃၃၀၀ | ၃၄၀၅ | ၃၄၂၀ | ၃၄၄၀ | ၃၃၅၅ | ၄၈၃၀ | ၃၆၅၀ | ၃၃၇၅ | ၃၃၇၅ | ၃၄၄၅ | ၃၄၁၀ | ၃၄၃၅ | ၃၆၉၀ |
| HSD (10 ppm) | ၃၂၈၅ | ၃၄၀၀ | ၃၃၆၅ | ၃၃၀၀ | ၃၄၀၅ | ၃၄၂၀ | ၃၄၄၀ | ၃၃၅၅ | - | ၃၆၅၀ | ၃၃၇၅ | ၃၃၇၅ | ၃၄၄၅ | ၃၄၁၀ | ၃၄၃၅ | ၃၆၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၉ | ၃၀၀၁ |
| 95 Ron | ၂၉၆၁ | ၃၀၅၃ |
| HSD (500 ppm) | ၂၄၉၇ | ၂၅၇၇ |
| HSD (50 ppm) | ၃၁၀၈ | ၃၂၀၀ |
| HSD (10 ppm) | ၃၁၀၈ | ၃၂၀၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ၁၇ - ၃ - ၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၁၀၀ | ၇၂၀၀ | ၆၃၃ | ၄၅၅၅၀၀၀ |
| MTSH | ၂၉၅၀ | ၃၀၅၀ | ၆၀၅ | ၁၈၁၀၅၅၀ |
| MCB | ၇၆၀၀ | ၇၆၀၀ | ၂ | ၁၅၂၀၀ |
| FPB | ၁၇၅၀ | ၁၈၀၀ | ၅၇ | ၁၀၂၂၅၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၄ | ၁၁၂၀၀ |
| EFR | ၁၆၀၀ | ၁၆၀၀ | ၇၃ | ၁၁၄၄၅၀ |
| AMATA | ၃၉၅၀ | ၄၀၀၀ | ၆၀ | ၂၃၇၅၀၀ |
| MAEX | ၃၂၀၀ | ၃၂၀၀ | ၁၄၇ | ၄၇၀၄၀၀ |
| MADPL (PLB) | ၃၀၀၀ | ၃၀၀၀ | ၀ | ၀ |

မြန်မာ့အလင်း

စာတည်းမှူးချုပ် - စိုးစိုးနိုင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

## နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဓိကတာဝန်သည် နိုင်ငံတော်က ချမှတ်ထားသော နိုင်ငံခြားရေးမူဝါဒနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို သံခင်းတမန်ခင်းနည်းလမ်းနှင့် ကာကွယ်မြှင့်တင်ပေးရန်ဖြစ်

နေပြည်တော် မတ် ၁၇

**နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ညနေ ၅ နာရီခွဲတွင် ဝန်ကြီးဌာန မျက်နှာစာ၌ ကျင်းပသည်။** (ယာပုံ)



အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ သံအမတ်ကြီးများနှင့် အငြိမ်းစား အရာထမ်း၊ အမှုထမ်းများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ယနေ့ကျင်းပသည့် နှစ်ပတ်လည်နေ့အခမ်းအနားကို ဝန်ကြီးဌာန တည်ထောင်ဖွဲ့စည်းခဲ့သည့် ရည်မှန်းချက်၊ မျှော်မှန်းချက်များကို အမှတ်ရစေရန်နှင့် ခိုင်မာကောင်းမွန်ခဲ့သည့် ဝန်ကြီးဌာန၏ သမိုင်းကြောင်းနှင့် အစဉ်အလာကောင်းများကို ပြန်ပြောင်းအမှတ်ရစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဖွဲ့စည်းထူထောင်သည့်ကာလ(၇၈)နှစ်ရှိပြီဖြစ်သော်လည်း မြန်မာတို့သည် သံခင်းတမန်ခင်းကို နိုင်ငံ၏အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရန် ရှေးမြန်မာဘုရင်များ လက်ထက်ကတည်းကပင် ကျင့်သုံးခဲ့ကြခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိချိန်မှစ၍ နိုင်ငံ့တာဝန်ကိုယူခဲ့သည့် အစိုးရအဆက်ဆက်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးခဲ့ကြောင်း၊ အမည်နာမများ မည်သို့ပင်ပြောင်းလဲစေကာမူ လွတ်လပ်မှုနှင့် ဘက်မလိုက်မှု၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်မှုဆိုသည့် သဘောတရားများသည် မြန်မာ့နိုင်ငံခြားရေးမူဝါဒ၏ အနှစ်သာရများအဖြစ် ဂုဏ်ယူဖွယ်တွေ့မြင်ရမည်ဖြစ်ကြောင်း။



မြန်မာနိုင်ငံ အနေဖြင့် လွတ်လပ်ရေးရပြီးချိန်ကစတင်၍ နိုင်ငံတကာ ဆက်ဆံရေးတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အခြားဒေသတွင်း အဖွဲ့အစည်းများတွင်လည်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရင်း ဂုဏ်သိက္ခာရှိသည့် ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံအဖြစ် တာဝန်ကျေပွန်စွာ ထည်ထည်ဝါဝါ ရပ်တည် ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဓိကတာဝန်သည် နိုင်ငံတော်က ချမှတ်ထားသော နိုင်ငံခြားရေးမူဝါဒနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို သံခင်းတမန်ခင်း နည်းလမ်းနှင့် ကာကွယ်မြှင့်တင်ပေးရန် ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် နိုင်ငံတော်က ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန် တတ်စွမ်းသမျှ ပံ့ပိုးကူညီပေးရန်လည်းဖြစ်ကြောင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာနအနေဖြင့် အစိုးရ၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ကျရာအခန်းကဏ္ဍမှ အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့အတူ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်တွင်း၊ ပြည်ပ၌ တာဝန်ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံခြားရေးဝန်ထမ်း(သံတမန်)များ စောင့်ထိန်းလိုက်နာသင့်သည့် ကျင့်ဝတ်၊ ထားရှိသင့်သည့် စိတ်ထားများနှင့်ပတ်သက်၍ ထည့်သွင်း ပြောကြားခဲ့သည့်အပြင် နိုင်ငံတော်နှင့် မိခင်ဝန်ကြီးဌာန၏ မူဝါဒများကို ကောင်းစွာ သိရှိလိုက်နာကြရန်၊ ဒေသတွင်းနှင့် နိုင်ငံတကာအခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြည့် လေ့လာကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၊ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများနှင့် ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနတွင်း ကျင်းပခဲ့သည့် ဒီဇင်ဘာလအားကစားပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများချီးမြှင့်ခြင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကို ဂုဏ်ပြုသည့်အနေဖြင့် ဝန်ထမ်းများအတွက် အထူးဆု ၁၀ ဆုနှင့် ဆုမဲကြီး ၆၈ ဆု အပါအဝင် ဗလာမပါကံစမ်းမဲများ မဲဖောက်ခြင်းတို့ဖြင့် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသော နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများသည် ဝန်ထမ်းများနှင့် အတူတကွ ညစာသုံးဆောင်ကြပြီး ညစာသုံးဆောင်နေစဉ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမျိုးသမီးငယ်များက ယိမ်းအကဖြင့် ကပြဖျော်ဖြေခြင်း၊ ဝါသနာရှင်ဝန်ထမ်းများက တေးသံသာများဖြင့် သီဆိုဖျော်ဖြေခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပန်းတနော်မြို့နယ်၌ နွေရာသီအခမဲ့သင်တန်းအဖြစ် ကွန်ပျူတာသင်တန်းဖွင့်

**ပန်းတနော် မတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ နွေရာသီတွင် ခေတ်နှင့်အညီ နည်းပညာများကို ကျွမ်းကျင်စွာအသုံးချနိုင်စေရန် ရည်ရွယ်၍ နွေရာသီအခမဲ့သင်တန်းအဖြစ် ကွန်ပျူတာသင်တန်းကို ယနေ့ နံနက် ၁၁ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ဖွင့်လှစ်ရာတွင် မြို့နယ်ဦးစီးအရာရှိ ဦးကိုကိုမောင်က သင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ပြောကြားပြီး သင်တန်းအမှတ်စဉ်တစ်ခုလျှင် သင်တန်းသား ၂၀ ကို သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ မတ် ၁၄ ရက်မှ ဧပြီ ၁၁ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စွမ်းရည်မြှင့်သင်တန်း တက်ရောက်ရန်နှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲအတွက် ရောက်ရှိနေသောဝန်ထမ်းသစ်များအား တွေ့ဆုံမှာကြားပြီး လုပ်ငန်းဆောင်ရွက်နေမှုများကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၇**

ယနေ့အချိန်အခါသည် မီဒီယာခေတ်ဖြစ်၍ မီဒီယာကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ နိုင်ငံတော်မီဒီယာအနေဖြင့် ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်နှင့် အသိပညာပေးရန် ဟူသည့် မူလတာဝန်ကြီး သုံးရပ်အပြင် အများပြည်သူကို ပြုံးပျော်ကြည်နူး၊ ရွှင်မြူးမှုနှင့်အတူ မှန်ကန်သည့် သတင်းအချက်အလက်များ၊ အယူအဆနှင့် အတွေးအခေါ်များ ရရှိပြီး နိုင်ငံတော်တည်ဆောက်ရေး၊ အေးချမ်းသာယာရေး ကဏ္ဍများတွင် အားတက်သရော ပါဝင်လုပ်ဆောင်လာအောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြောကြားသည်။

ယနေ့ နံနက် ၉ နာရီက နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ စွမ်းရည်မြှင့်သင်တန်း တက်ရောက်ရန်နှင့် မောင်မယ်သစ်လွင် ကြိုဆိုပွဲအတွက် စုစည်းရောက်ရှိနေသော ဝန်ထမ်းသစ်များအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း မှာကြားခဲ့ခြင်းဖြစ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စွမ်းရည်မြှင့်သင်တန်း တက်ရောက်ရန်နှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲအတွက် ရောက်ရှိနေသောဝန်ထမ်းသစ်များအား တွေ့ဆုံမှာကြားစဉ်။

### ကြိုးစားဆောင်ရွက်

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက AI အပါအဝင် ခေတ်မီနည်းပညာများနှင့် ဆက်စပ်ပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် မီဒီယာလုပ်ငန်းများဖြစ်လာအောင် စီမံဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ထမ်းများ ဖြစ်လာကြပြီဖြစ်၍ ဝန်ထမ်းစည်းကမ်းလည်း လိုက်နာကြရမည်ဖြစ်ပါကြောင်း၊ “စည်းကမ်းရှိရှိ၊ ပျော်ပျော်ရွှင်ရွှင်နေ၊ သစ္စာရှိရှိ၊ ရဲရဲဝံ့ဝံ့လုပ် ” ဆိုတဲ့ ဆောင်ပုဒ်အတိုင်း စည်းနှင့် ကမ်းနှင့် နေရမည်ဖြစ်သလို ပျော်ရွှင်စွာဖြင့် တာဝန်ထမ်းဆောင်ကြရမည် ဖြစ်ပါကြောင်း၊ ထိုးထွင်းကြံဆနေကြရမည် ဖြစ်သလို နိုင်ငံတော်နှင့် ပြည်သူအတွက် သစ္စာရှိသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြရန် မှာကြားလိုကြောင်း၊ ဓားများလို သွေးနေမှ အမြဲတမ်းထက်နေမည်ဖြစ်ပြီး မသွေးဘဲထားပါက တုံးသွားမယ်ဆိုတာကို သတိပြုကြရမည်ဖြစ်ကြောင်း၊ MRTV တွင် ထူးခြားမှုအနေဖြင့် တိုင်းရင်းသားပေါင်းစုံနီးပါး ရှိနေကြပြီး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ အသိဉာဏ်ရှိရှိ၊ တူညီသည့်ဆန္ဒဖြင့် နိုင်ငံ့အကျိုးကို သယ်ပိုးထမ်းဆောင်နေကြသည်မှာ အနှစ်သာရရှိသဖြင့် အင်မတန်ဝမ်းမြောက်ကျေနပ်ရပါကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း MRTV အပေါ် အလွန်အလေးထားသဖြင့် MRTV မှ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ခံယူချက်နှင့် လုပ်ငန်းစဉ် Process ကို ချစ်မြတ်နိုးရန်၊ မှန်ကန်သောအသိ၊ မှန်ကန်သော အမြင်၊ မှန်ကန်သောစေတနာဖြင့် ကြိုးစားဆောင်ရွက်ကြရန် ဖြစ်ကြောင်း မှာကြားသည်။

### ဖျော်ဖြေတင်ဆက်

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အမှုထမ်း၊ အရာထမ်းများနှင့် ဝန်ထမ်းသစ်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက **“အားလုံးချစ်သည် MRTV”** တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ **“နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းထမ်းဆောင်နေသည့် နိုင်ငံတော်မီဒီယာ”** Video Clip ကို ပြသခြင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက **“သီချင်းများပေါင်းစပ် တစ်ခန်းရပ်ပြဇာတ်”** တေးသရုပ်ဖော်ဖြင့် ဖျော်ဖြေတင်ဆက်ခြင်းများ ဆောင်ရွက်ကြသည်။

ဝန်ထမ်းသစ်များ စွမ်းရည်မြှင့်သင်တန်းသို့ ရုပ်သံနှင့်အသံလွှင့် ကျွမ်းကျင် (၂)နှင့် (၄)၊ အနုပညာရှင်(၂) နှင့် (၄)၊ အငယ်တန်းအင်ဂျင်နီယာ(၂)၊ စက်မှုကျွမ်းကျင် (၄)နှင့် အငယ်တန်းစာရေး ဝန်ထမ်းများ စုစုပေါင်း ၈၉ ဦးတက်ရောက်ကြမည်ဖြစ်ပြီး မဟာဘွဲ့ သုံးဦး၊ စက်မှု B.E ဘွဲ့ သုံးဦးနှင့် AGTI ခုနစ်ဦး၊ ဥပဒေဘွဲ့ တစ်ဦး၊ သိပ္ပံဘွဲ့ ကိုးဦးနှင့် ဝိဇ္ဇာဘွဲ့ရ ၂၀၊ တက္ကသိုလ်တက်ရောက်ဆဲ ၄၀၊ အနုပညာရှင် ခြောက်ဦးတို့ဖြစ်သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုပ်သံပင်မအဆောက်အအုံအတွက် လျှပ်စစ်ဓာတ်အား အသုံးပြုမှုချွေတာနိုင်သည့် (Ton 1000, Chiller System)စနစ်သို့ အဆင့် လေးဆင့် ခွဲခြားလုပ်ဆောင်နေမှုမှ တတိယအဆင့် (250 Ton) အစားထိုးတပ်ဆင်ပြီးစီးမှုကိုလည်းကောင်း၊ ဝန်ထမ်းများအတွက် ရေသန့်သောက်သုံးရေ လုံလောက်စွာ သုံးစွဲနိုင်ရန်အတွက် တစ်နာရီလျှင် ရေသန့်လီတာ ၅၀၀ ထုတ်လုပ်ပေးနိုင်သည့် ရေသန့်စက် နှစ်နေရာ တပ်ဆင်ဆောင်ရွက်မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းခန်းမတွင် **“နိုင်ငံတကာ ရုပ်သံဌာနများ၏ အတွေ့အကြုံ ပြန်လည်မျှဝေအသုံးပြုရေး သင်တန်း”** ဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးသည်။ အဆိုပါသင်တန်း၌ နိုင်ငံတကာရုပ်သံဌာနများတွင် သွားရောက်တာဝန်ထမ်းဆောင်ခဲ့ကြသည့် သင်တန်းနည်းပြလေးဦးက ရက်သတ္တနှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချ ပေးကြမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်သင်ယူလျက်ရှိသည်။

### နေ့လယ်စာ အတူတကွသုံးဆောင်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Office Canteen တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အရာထမ်းများ၊ ဝန်ထမ်းသစ်များနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။

**သတင်းစဉ်**

# ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူများ ပါဝင်တက်ရောက်နိုင်

**နေပြည်တော် မတ် ၁၇**

ပြန်ကြားရေးဝန်ကြီးဌာနကကြီးမှူး၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) က စီစဉ်ကျင်းပသော “၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ” သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Beyond 2025: Challenges and Opportunities in the Multipolar World) ကို ၂၀၂၅ ခုနှစ် မတ်၂၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၁ (MICC-I) တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။




အဆိုပါ သုံးသပ်ဆွေးနွေးပွဲတွင် “ပြောင်းလဲနေသော ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနှင့်အာရှ၏ အခန်းကဏ္ဍ”၊ “၂၀၂၅ အလွန် ဗဟုဝင်ရိုးကာလတွင် မြန်မာနိုင်ငံကြုံတွေ့ရမည့် ပထဝီစီးပွားရေး စိန်ခေါ်မှုများနှင့် ရရှိနိုင်သည့် အခွင့်အလမ်းများ”၊ “၂၀၂၅ အလွန် ဗဟုဝင်ရိုးကာလတွင် မြန်မာနိုင်ငံကြုံတွေ့ရမည့် ပထဝီနိုင်ငံရေးစိန်ခေါ်မှုများနှင့်ရရှိနိုင်သည့် အခွင့်အလမ်းများ” စသည့် ခေါင်းစဉ်သုံးခုကို တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ အီတလီ၊ နီပေါနိုင်ငံတို့မှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပြည်တွင်းမှ ပညာရှင်များက ပါဝင်ဆွေးနွေးသွားမည်ဖြစ်ပြီး နိုင်ငံတကာမှ လေ့လာသုံးသပ်သူများ (Observers) လည်း ပါဝင်တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

သုံးသပ်ဆွေးနွေးပွဲကို နိုင်ငံရေးအပြောင်းအလဲနှင့်အတူ နိုင်ငံတော်၏အခြေအနေမှန်ကို ကမ္ဘာက သိရှိစေပြီး မြန်မာနိုင်ငံအပေါ် နားလည်မှု၊ စာနာမှုများဖြင့် ပူးပေါင်းဆောင်ရွက်လာစေရန်၊ မဟုတ်မမှန်စွပ်စွဲ ပြောဆိုမှုများကို တန်ပြန်ချေဖျက်၍ နိုင်ငံ့ပုံရိပ်မြှင့်တင်ရန်နှင့် ၂၀၂၅ ခုနှစ်အလွန် ပြောင်းလဲလာနေသည့် ကမ္ဘာ့အခင်းအကျင်းဖြစ်သော ဗဟုဝင်ရိုးကမ္ဘာ (Multipolar World) တွင် ပေါ်ပေါက်လာမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအား သိရှိပြီး ကြိုတင်ပြင်ဆင်နိုင်မည့် နည်းလမ်းများရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် https://myanmarnarrative.org/ ၏ Registration Form မှတစ်ဆင့် အမည်စာရင်းပေးသွင်းနိုင်ပြီး အစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သုတေသနနှင့်သတင်းအချက်အလက်ဌာနခွဲ၊ တယ်လီဖုန်းအမှတ် ၀၆၇ ၃၄၁၂၈၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

သက်ဆိုင်ရာ ဌာနဆိုင်ရာတွေ၊ အသင်းအဖွဲ့တွေ ပူးပေါင်း ဆောင်ရွက်ပြီး စာဖြေကျောင်းသားတွေ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုနိုင်အောင် ဆောင်ရွက်ခဲ့ကြပါတယ်။

### စီမံဆောင်ရွက်ထား

ဆေးရုံ စာဖြေဌာနတွေမှာလည်း သက်သောင့်သက်သာ ဖြေဆိုနိုင်အောင် စီမံဆောင်ရွက်ထားပါတယ်။ မနှစ်က သင်ရိုးညွှန်းတမ်းအသစ် ကူးပြောင်းခဲ့စဉ်မှာ ဖြေဆိုသူနည်းပေမယ့် အခုနှစ်မှာတော့ ပထမနှစ်ထက် ဖြေဆိုသူ ထက်ဝက်ကျော် တိုးလာတာကြောင့် ဝမ်းသာပီတိဖြစ်ရပါတယ်။ အားလုံးအဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးခဲ့ကြတဲ့သူအားလုံးကိုကျေးဇူးတင်ပါတယ်” ဟုတိုင်းဒေသကြီးပညာရေးမှူးက ပြောကြားသည်။

### ဖြေဆိုသွားမည်ဖြစ်

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသည့် ကျောင်းသားကျောင်းသူများသည် မတ် ၁၇ ရက်တွင် မြန်မာစာ၊ မတ် ၁၈ ရက်တွင် အင်္ဂလိပ်စာ၊ မတ် ၁၉ ရက်တွင် သင်္ချာ၊ မတ် ၂၀ ရက်တွင် ဓာတုဗေဒ/ ပထဝီ၊ မတ် ၂၁ ရက်တွင် ရူပဗေဒ/သမိုင်းနှင့် မတ် ၂၂ ရက်တွင် ဇီဝဗေဒ/ဘောဂဗေဒ ဘာသာရပ်တို့ကို ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှု ကြည့်ရှုအားပေး



**နေပြည်တော် မတ် ၁၇**

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းနှင့် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာ အထက်တန်း ကျောင်းများရှိ စာစစ်ဌာနများသို့ သွားရောက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနေမှုကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

ထိုသို့လှည့်လည်ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက စာမေးပွဲအခန်း တာဝန်ကျသည့် ကြီးကြပ်ရေးမှူးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများ စနစ်တကျ၊ စည်းကမ်းရှိစွာဖြင့် စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ စာမေးပွဲဖြေဆိုသည့် ကျောင်းသား ကျောင်းသူများနှင့် စာမေးပွဲလုပ်ငန်း အနှောင့်အယှက် မဖြစ်စေရေးအတွက် အထူးဂရုစိုက် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးများအနေဖြင့် မိမိတို့ လိုက်နာ ဆောင်ရွက်ကြရမည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာ ဆောင်ရွက်၍ တက္ကသိုလ်ဝင်စာမေးပွဲကို စာမေးပွဲစည်းမျဉ်း စည်းကမ်းများနှင့်အညီ အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေး ဝိုင်းဝန်းကူညီ ပါဝင်ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် အမှတ်(၁၃) အခြေခံပညာ အထက်တန်းကျောင်းရှိ စာစစ်ဌာနသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနေမှုကို လှည့်လည် ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ် ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများနှင့် တာဝန်ရှိသူများသည် ယနေ့တွင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သက်ဆိုင်ရာ စာစစ်ဌာနများသို့ သွားရောက်ကြပြီး တက္ကသိုလ်ဝင်စာမေးပွဲ၌ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းမြွစွာ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန Basic Networking သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ



**နေပြည်တော် မတ် ၁၇**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန Basic Networking သင်တန်း (၁/၂၀၂၅) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ သင်တန်း နည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသော ဒစ်ဂျစ်တယ် နည်းပညာခေတ်တွင် ICT သည် လူတိုင်းအတွက် လိုအပ်သည့် အဓိကပညာရပ်ဖြစ်ပြီး အမြဲသင်ယူလေ့လာသွားကြရန် လိုအပ်ပါကြောင်း၊ သင်တန်းသားများ အနေဖြင့် သင်ကြားပို့ချချက်များကို သေချာစွာ လေ့လာမှတ်သားပြီး လက်တွေ့သင်ခန်းစာများကို ကိုယ်တိုင်တတ်ကျွမ်းသည်အထိ သင်ယူလေ့ကျင့်ခြင်းများ သာမက စဉ်ဆက်မပြတ် ဆက်လက်လေ့လာသင်ယူသွားကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်ကြားသူ ဆရာ ဆရာမများကို ကျေးဇူးတင်စကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် သင်တန်းတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများနှင့် လက်တွေ့သင်ကြား ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုကြသည်။ **(ဓါတ်ပုံ)**

ယနေ့ဖွင့်လှစ်သည့် သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲ (Grade-12) ကျောင်းသား ကျောင်းသူများ မြန်မာစာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှု လိုက်လံကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၇**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့ သွားရောက်ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

**ပေါင်းစပ်ဆောင်ရွက်**

ကြည့်ရှု အားပေးစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တက္ကသိုလ်ဝင် စာမေးပွဲကို ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည့် အခန်းတာဝန်ကျ ကြီးကြပ်ရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အထောက်အကူပြုအဖွဲ့များ အနေဖြင့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြရန်၊ စာမေးပွဲဖြေဆိုသူနှင့် စာမေးပွဲလုပ်ငန်းများ အနှောင့်အယှက် မဖြစ်စေရန် ဂရုပြုဆောင်ရွက်ကြစေလိုကြောင်း၊ စာမေးပွဲဖြေဆိုသည့် စာဖြေခန်းအတွင်း လေဝင်လေထွက် ကောင်းမွန်ရေး၊ အလင်းရောင်လုံလောက်စွာ ရရှိရေး၊ စာမေးပွဲကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ အောင်မြင်အောင် ကျင်းပနိုင်ရေး ဝိုင်းဝန်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အလက(၃) စာစစ်ဌာနသို့ သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ပြည်ထောင်စု နယ်မြေ နေပြည်တော်အတွင်းရှိ စာစစ်ဌာနစုစုပေါင်း ၄၇ ခုတွင် စာမေးပွဲဖြေဆိုရန် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၈၂၆ ဦး စာရင်းပေးသွင်းကြပြီး ၁၂၄၅၃ ဦး ဝင်ရောက်ဖြေဆိုရာ ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၃၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**သတင်းစဉ်**



**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# ဘက်စုံအသုံးဝင် ကြံသီးနှံပင်

ဒေါက်တာခင်ကြီး



အောင်မြင်ဖြစ်ထွန်းနေသော ကြံစိုက်ခင်း။

လယ်ယာသီးနှံများမှ စားနပ်ရိက္ခာအပြင် လူသားအကျိုးပြု အဝတ်အထည်၊ တိရစ္ဆာန်စာနှင့် လောင်စာစွမ်းအင်တည်းဟူသော Food, Fibre, Feed and Fuel (F လေးလုံး)ကို ထုတ်လုပ်ပေးနိုင်စွမ်းရှိပါသည်။ သီးနှံအများစုသည် အဆိုပါ F လေးလုံးအနက် အနည်းဆုံး နှစ်မျိုးခန့်ကိုသာ ထုတ်ပေးနိုင်ကြသော်လည်း ကြံသီးနှံအနေဖြင့်မူ F လေးမျိုးလုံးကိုပင် ထုတ်ပေးနိုင်ကြောင်း တွေ့ရှိရပါသည်။

စားနပ်ရိက္ခာအဖြစ် သကြားကိုလည်းကောင်း၊ အမျှင်ဓာတ်အဖြစ် ကြံကြိတ်ဖတ်ကို ဖိုက်ဘာကတ်ထူပြား (Fibre Board)နှင့် စက္ကူအဖြစ်လည်းကောင်း၊ တိရစ္ဆာန်စာအဖြစ် တင်လဲအခြေခံဘေးဆွယ်ထွက်ကုန်ကိုလည်းကောင်း၊ လောင်စာအဖြစ် ဇီဝအီသနောကိုလည်းကောင်း ထုတ်လုပ်ပေးနိုင်စွမ်းရှိသည့် စက်မှုကုန်ကြမ်းသီးနှံဖြစ်ပါသည်။ ကြံပင်သည် မျိုးရင်း (Family) Gramineae (or) Poaceae တွင် ပါဝင်ပြီး သိပ္ပံအမည်အားဖြင့် မျိုးစိတ်များစွာရှိသည့်အတွက် Saccharum sp. ဟုသာ ခေါ်ဝေါ်ရေးသားပါသည်။

### အများဆုံးစိုက်ပျိုး

ကြံပင်သည် ကြီးထွားချိန်တွင် ပူအိုက်စွတ်စိုပြီး ရင့်မှည့်ချိန်တွင် အေးမြခြောက်သွေ့သော ရာသီဥတုကို ကြိုက်နှစ်သက်ပါသည်။ မိုးရေချိန် လက်မ ၄၀ မှ ၆၀ အတွင်းရှိရန် လိုအပ်သော်လည်း ရေဝပ်ခြင်းကို လုံးဝမနှစ်သက်ပါ။ ကြံသီးနှံသည် စပါးသီးနှံကဲ့သို့ ရေများများစားစား မလိုအပ်သော်လည်း စပါးသီးနှံရေလိုအပ်ချက် ငါးပုံ သုံးပုံခန့်ရေလိုအပ်ပါသည်။ သွင်းရေကို ကြိုက်နှစ်သက်သော သီးနှံဖြစ်သဖြင့် ရေသွင်းစိုက်ပျိုးမည်ဆိုပါက ကြံအထွက်ကို (၁၀-၃၀ ရာခိုင်နှုန်း) အထိ ပိုမိုရရှိစေနိုင်ပါသည်။ ကြံသီးနှံသည် မြန်မာနိုင်ငံ၏ ရေမြေရာသီဥတုနှင့် ကိုက်ညီသဖြင့် နိုင်ငံအနှံ့ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် အားလုံးတွင် စိုက်ပျိုးကြပါသည်။ မြန်မာနိုင်ငံ၏ ကြံစိုက်ပျိုးမှု အခြေအနေအား လေ့လာကြည့်ပါက ၁၉၉၄-၁၉၉၅ ခုနှစ်တွင် ကြံစိုက်ဧက ၁၃၀၀၀၀ ခန့်ရှိရာမှ ယခုအခါ ဧကပေါင်း လေးသိန်းကျော်အထိ စိုက်ပျိုးလျက်ရှိပြီး ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် အများဆုံး စိုက်ပျိုးလျက်ရှိပါသည်။

ကြံစိုက်ပျိုးထုတ်လုပ်မှုတွင် လွန်ခဲ့သောနှစ်များနှင့် နှိုင်းယှဉ်လျှင် ကြိတ်ဝါးကြံရရှိမှု၊ အထွက်နှုန်းနှင့် ကြံအရည်အသွေးများသည်လည်း တဖြည်းဖြည်း ပြောင်းလဲတိုးတက်လျက်ရှိပါသည်။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် တစ်နိုင်ငံလုံး စိုက်ဧက ၃၈၀၀၀၀ ကျော်မှ တန်ချိန် ၈၆ သိန်းကျော် ထုတ်လုပ်ခဲ့ပြီး ၂၀၂၃ - ၂၀၂၄ ခုနှစ်တွင် စိုက်ဧက လေးသိန်းကျော်မှ တန်ချိန် ၁၁၅ သိန်းကျော် ထုတ်လုပ်နိုင်ခဲ့ပါသည်။ ရှမ်းပြည်နယ်တွင် ကြံစိုက်ဧက တစ်သိန်းခုနစ်သောင်းကျော်ရှိပြီး ရှမ်းမြောက်ဒေသမှ စိုက်ဧကပေါင်း တစ်သိန်းလေးသောင်းကျော်အထိ စိုက်ပျိုးခဲ့ရာ ကြိတ်ဝါးကြံ တန်ချိန် ၃၈ သိန်းကျော် ထုတ်လုပ်နိုင်ခဲ့ပါသည်။

ရှမ်းပြည်နယ်သည် ကြံပင်ကြီးထွားမှုအတွက် လိုအပ်သော အပူချိန်နှင့် ရေမြေပတ်ဝန်းကျင်ကောင်းများရှိသည့်အတွက် နှစ်စဉ်ကြံစိုက်ဧရိယာတိုးတက်လျက်ရှိသလို တစ်ဧကအထွက်နှုန်းကောင်းပြီး (၃-၄) နှစ်ထိ ကြံလမိုင်းများထားလေ့ရှိကြပါသည်။ မြန်မာနိုင်ငံ၏ ၂၀၂၃-၂၀၂၄ ခုနှစ် ကြံရာသီ ပျမ်းမျှကြံအထွက်နှုန်းသည် တစ်ဧကလျှင် ၂၇ ဒသမ ၅၅ တန်ဖြစ်၍ ကြံသီးနှံ၏ တစ်ဧကပန်းတိုင်အထွက်နှုန်းသည် တန် ၃၀ ဖြစ်သည့်အတွက် တစ်ဧကအထွက်နှုန်း တိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

မြန်မာနိုင်ငံအပါအဝင် သကြားထုတ်လုပ်သည့် နိုင်ငံပေါင်း ၁၁၀ ခန့်ရှိပြီး ပျမ်းမျှအားဖြင့် ကြံမှ သကြားထုတ်လုပ်မှုမှာ စုစုပေါင်းသကြားထုတ်လုပ်မှု၏ ရာခိုင်နှုန်း ၈၀ ဖြစ်ပြီး သကြားမုန်လာမှ ထုတ်လုပ်မှုသည် ရာခိုင်နှုန်း ၂၀ ရှိပါသည်။ ကမ္ဘာတစ်ဝန်း နှစ်စဉ် သကြားထုတ်လုပ်မှုမှ မက်ထရစ်တန် ၁၈၀ ခန့်ရှိပြီး ကမ္ဘာ့သကြားအများဆုံး ထုတ်လုပ်သည့် နိုင်ငံမှာ ဘရာဇီးနိုင်ငံဖြစ်ကြောင်း သိရပါသည်။ ၂၀၁၀-၂၀၁၁ ခုနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် သကြားထုတ်လုပ်မှုသည် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် အများဆုံးဖြစ်ပြီး ၁၉၄ ဒသမ ၈၈ မီလီယံ မက်ထရစ်တန်ဖြစ်ကြောင်း တွေ့ရှိရသည်။

### ပြည်ပသို့တင်ပို့နိုင်

တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် နှစ်စဉ်သကြားစားသုံးမှုသည် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ၁၇၆ မီလီယံ မက်ထရစ်တန်မှ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ၁၈၀ ဒသမ ၀၅ မီလီယံ မက်ထရစ်တန်အထိ တိုးတက်လာမည်ခန့်မှန်းရပါသည်။ လေ့လာတွေ့ရှိချက်များအရ အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် သကြားစားသုံးမှု အများဆုံးနိုင်ငံဖြစ်ပြီး လူတစ်ဦး တစ်နှစ်လျှင် ပျမ်းမျှ ၄၆ ဒသမ ၁၃ ကီလိုဂရမ်ခန့် စားသုံးကြောင်းသိရှိရပါသည်။ သကြားအများဆုံးထုတ်လုပ်သည့် ၁၀ နိုင်ငံထဲတွင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယ၊ တရုတ်၊ ထိုင်းနိုင်ငံတို့ ပါဝင်ပါသည်။ မြန်မာနိုင်ငံတွင် လက်ရှိ သကြားထုတ်လုပ်မှုမှာ နှစ်စဉ်တန်ချိန် လေးသိန်းကျော် ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ၏ လူတစ်ဦး တစ်နှစ်လျှင် သကြားစားသုံးမှု စစ်တမ်းအရ ပျမ်းမျှ ၇ ဒသမ ၇ ကီလိုဂရမ်ခန့်ရှိသည့်အတွက် လက်ရှိ မြန်မာနိုင်ငံလူဦးရေနှင့် တွက်ချက်ကြည့်မည်ဆိုပါက သကြားတန်ချိန် လေးသိန်းနှစ်သောင်းခန့်လိုအပ်ပြီး ပိုလျှံသောပမာဏကို ပြည်ပသို့တင်ပို့နိုင်ပါသည်။

ကမ္ဘာပေါ်တွင် သဘာဝသယံဇာတပစ္စည်းများ တဖြည်းဖြည်းရှားပါးလာသဖြင့် ကျောက်ဖြစ်ရုပ်ကြွင်း တွင်းထွက်ရေနံဓာတုလောင်စာကို အစားထိုးအသုံးပြုနိုင်ရန်နှင့် လောင်စာဆီတင်သွင်းမှုလျှော့ချနိုင်ရေးအတွက် အစားထိုးလောင်စာစွမ်းအင် ဇီဝအီသနောကို ရေရှည်တိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။ ကြံမှ သကြားအပြင် ဇီဝလောင်စာဆီဖြစ်သည့် အီသနောကို အများအပြားထုတ်လုပ်လျက်ရှိကြရာ ၂၀၂၂ ခုနှစ် စာရင်းအရ အမေရိကန်ပြည်ထောင်စုသည် အီသနောဂါလန်ပေါင်း သန်း ၁၅၄၀၀ ထုတ်လုပ်ပြီး ပထမနေရာမှ ဦးဆောင်လျက်ရှိပြီး ဘရာဇီးနိုင်ငံမှ သန်း ၇၄၂၀ ဖြင့် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁-၂၀၂၂ ခုနှစ် ပြည်တွင်းစက်သုံးဆီသုံးစွဲမှု၏ ၉၇ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းဖြန့်ဖြူးလျက်ရှိပြီး သုံးစွဲမှု၏ ၃ ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်းတွင် ထုတ်လုပ်ကြောင်း သိရှိရပါသည်။ သို့ဖြစ်ရာ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဖူလုံမှုရှိစေရန် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များအနက် တစ်ခုအပါအဝင်ဖြစ်သည့် လယ်ယာထွက်သီးနှံနှင့် ဘေးထွက်ပစ္စည်းများမှ ဇီဝလောင်စာစက်သုံးဆီများအား ပြည်တွင်း၌ကျယ်ပြန့်စွာ ထုတ်လုပ်သုံးစွဲနိုင်အောင် ဆောင်ရွက်ရေးမှာ အထူးလိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ကြံမှ ဇီဝလောင်စာ စက်သုံးဆီအပြင် ကြံကြိတ်ဖတ်မှ လျှပ်စစ်ဓာတ်အားကိုလည်း ထုတ်ယူရရှိနိုင်ပါသည်။

ကြံ တန် ၁၀၀ ကြိတ်လျှင် ကြံဖတ်ထုတ်လုပ်မှုမှာ တန်ချိန် ၃၀ ခန့်ရရှိပြီး ထွက်ရှိကြံဖတ်ကို ကြံမှ သကြားကြိတ်ဝါး ထုတ်လုပ်ရာတွင်လိုအပ်သည့် ဘွိုင်လာစွမ်းအင်တွင် ပြန်လည် အသုံးပြုနိုင်ပါသည်။ မြန်မာနိုင်ငံတွင် လက်ရှိလည်ပတ်နေသော သကြားစက်ရုံ ၂၂ ရုံမှ တစ်နှစ်လျှင် ကြံတန်ချိန် သိန်း ၄၀ ကျော် ကြိတ်ဝါးပါသည်။ သကြားစက်ရုံများလည်ပတ်ချိန်တွင် ကိုယ်ပိုင်စွမ်းအင်များ ထုတ်လုပ်၍ လည်ပတ်ခဲ့ခြင်းဖြစ်ပြီး စက်လည်ချိန်ကာလတွင် စက်ရုံသုံးအပြင် အပိုလျှပ်စစ်စွမ်းအင်များကို ထုတ်လုပ်နိုင်ပါသည်။

### အကျိုးကျေးဇူးရရှိစေ

မြန်မာနိုင်ငံရှိ သကြားစက်ရုံအများစုသည် တစ်ရက်ကြံတန်ချိန် ၂၀၀၀ စွမ်းအား ကြိတ်ဝါးသည့်စက်များဖြစ်သဖြင့် ကြံဖတ်ပိုလျှံမှုနည်းပြီး လျှပ်စစ်ထုတ်နိုင်မှု နည်းပါးပါသည်။ ပုဂ္ဂလိက သကြားစက်ရုံလေးရုံဖြစ်သည့် နဝဒေးသကြားစက်၊ မောင်းကုန်းသကြားစက်၊ ဆင်းရွှေလီ သကြားစက်နှင့် မိုင်းရယ်သကြားစက်တို့မှာ တစ်ရက်ကြံတန်ချိန် ၅၀၀၀ တန်နှင့်အထက် ကြိတ်ဝါးနိုင်သည့် စက်များဖြစ်သောကြောင့် စက်ရုံအတွက်လိုအပ်သော လျှပ်စစ်စွမ်းအင်အပြင် ပိုလျှံသော လျှပ်စစ်စွမ်းအင်များကို အနီးပတ်ဝန်းကျင်ရှိရွာများအား ဖြန့်ဝေပေးနိုင်ပါသည်။ ထို့ကြောင့် ပြည်တွင်း သကြားစက်လုပ်ငန်းရှင်များအနေဖြင့် စက်စွမ်းအားတိုးမြှင့်ပြီး Value Added ထုတ်လုပ်မှုများနှင့် ယှဉ်တွဲဆောင်ရွက်မည်ဆိုပါက သကြားစက်ရုံများအတွက် အပိုဝင်ငွေရရှိပြီး ကြံစိုက်တောင်သူများအား ပံ့ပိုးနိုင်ကာ ဈေးကောင်းပေး ဝယ်ယူနိုင်ခြင်းတို့ကြောင့် နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးရရှိစေမည်ဖြစ်ပါသည်။

ထိုကဲ့သို့ ဘက်စုံအကျိုးကျေးဇူးများသည့် ကြံသီးနှံပင် စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရေရှည်တည်တံ့စေရန် စိုက်ပျိုးရေးဦးစီးဌာန၊ သကြားထွက်သီးနှံဌာနခွဲအနေဖြင့် သုတေသနလုပ်ငန်းနှင့် မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို အဓိကထား လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိအချိန်ထိ ဌာနမှ မှတ်ပုံတင်ထုတ်လုပ်ထားသော ကြံမျိုးသစ် ကိုးမျိုးရှိပြီး တောင်သူများက ဒေသအလိုက် မိမိတို့ ကြိုက်နှစ်သက်သည့် မျိုးများကို ရွေးချယ်စိုက်ပျိုးလျက်ရှိကြပါသည်။

*စာမျက်နှာ ၇ သို့*

- **မြန်မာနိုင်ငံ၏ လူတစ်ဦး တစ်နှစ်လျှင် သကြားစားသုံးမှု စစ်တမ်းအရ ပျမ်းမျှ ၇ ဒသမ ၇ ကီလိုဂရမ်ခန့်ရှိသည့်အတွက် လက်ရှိမြန်မာနိုင်ငံလူဦးရေနှင့် တွက်ချက်ကြည့်မည်ဆိုပါက သကြားတန်ချိန် လေးသိန်းနှစ်သောင်းခန့်လိုအပ်ပြီး ပိုလျှံသော ပမာဏကို ပြည်ပသို့တင်ပို့နိုင်**
- **သကြားများ၏ အရည်အသွေးကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးရန် ပျဉ်းမနားကြံသုတေသနခြံတွင် ဓာတ်ခွဲခန်းအဆောက်အအုံ ဆောက်လုပ်ပြီးစီးနေပြီဖြစ်ပြီး လိုအပ်သည့်ပစ္စည်းအင်အား၊ လူအင်အားပြည့်စုံပါက ISO အသိအမှတ်ပြု သကြားအရည်အသွေး ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်စဉ် ၇/၂၀၂၅ ဖွင့်ပွဲကျင်းပ

နေပြည်တော် မတ် ၁၇

**ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်စဉ် ၇/၂၀၂၅ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် – ၃ အစည်းအဝေးခန်းမ – ၂ ၌ ကျင်းပသည်။** (ယာပုံ)

ဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ဝန်ထမ်းများအနေဖြင့် ဥပဒေသဘောတရားများ သိရှိနားလည်ပြီး တည်ဆဲဥပဒေနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်နိုင်စေရန်နှင့် သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင် လက်တွေ့လိုက်နာ ကျင့်သုံးနိုင်ခြင်းဖြင့် ပေးအပ်သော တာဝန်များကို စွမ်းဆောင်ရည်မြင့်မားစွာဖြင့် ကျေပွန်စွာ ထမ်းဆောင်နိုင်စေရန်အတွက်ရည်ရွယ်ပြီး ဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း၊ ယခုသင်တန်းတွင် သင်ကြားပို့ချပေးမည့် ဥပဒေနှင့် သက်ဆိုင်သည့်အကြောင်းအရာများကို သင်တန်းနည်းပြများနှင့် အပြန်အလှန်သင်ကြား သင်ယူဆွေးနွေးကြရန်နှင့် သင်တန်းမှရရှိလာသည့် ဥပဒေဆိုင်ရာ ဗဟုသုတများကို မိမိဝန်ကြီးဌာနတွင် လုပ်ကိုင်ဆောင်ရွက်နေသည့် ကဏ္ဍများတွင် အကျိုးရှိရှိ အသုံးချသွားရန်လိုအပ်ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းများကို (၆) ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုသင်တန်းသည် (၇)ကြိမ်မြောက် သင်တန်းဖြစ်ကာ လာမည့် ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်တွင် ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများအတွက် သင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



သင်တန်းဖွင့်ပွဲသို့ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကို ၂၈ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်းသိရသည်။ **သတင်းစဉ်**

# တနင်္သာရီငါးလုပ်ငန်းသုတေသနရန်ပုံငွေဖြင့်ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၁၇**

တနင်္သာရီငါးလုပ်ငန်း သုတေသနရန်ပုံငွေဖြင့် ဆောင်ရွက်သော စီမံကိန်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မြိတ်မြို့ မြိတ်ကော်ပိုရေးရှင်း အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးက ငါးလုပ်ငန်းဦးစီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ငါးလုပ်ငန်းဆိုင်ရာ သုတေသနရန်ပုံငွေထူထောင်မှု သဘောတူစာချုပ်ပါအပိုဒ် (၁.၁) အရ တနင်္သာရီတိုင်းဒေသကြီးရှိ လုပ်ငန်းရှင်များ ပြည်ပသို့ တင်ပို့သည့် ရေထွက်ကုန်ပစ္စည်းတင်ပို့မှု တန်ဖိုး၏ (၀.၃ မှ ၀.၅%) ကို ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၂၄ ခုနှစ် နိုဝင်ဘာလ၌ စီမံကိန်းကာလပြီးဆုံးခဲ့ပြီးဖြစ်ကာ သုတေသနရလဒ်များကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ မြိတ်တက္ကသိုလ်အနေဖြင့် တွေ့ရှိချက်များကို ဒေသခံ ခရု ကမာ မွေးမြူသူများထံ နည်းပညာဆိုင်ရာ ဖြန့်ဖြူးမှုများ ဆက်လက် လုပ်ဆောင်ရန်နှင့် ဆောင်ရွက်လိုသည့် သုတေသနလုပ်ငန်းများကို ယခုအစည်းအဝေးတွင် တင်ပြအတည်ပြုရန် ဖြစ်ကြောင်း၊ အလားတူ တနင်္သာရီတိုင်းဒေသကြီး၏ ငါးလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများကို ဆွေးနွေးသွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးနှင့် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အွန်လိုင်းစနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ငါးလုပ်ငန်းဖိုရမ်၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီး လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ တနင်္သာရီတိုင်းဒေသကြီး ကမ်းနီးငါးလုပ်ငန်း ရေပြင်အတွင်း MV.SEAFDEC–2 ရေယာဉ်ဖြင့် ငါးသယံဇာတသုတေသနလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များ၊ ဆောင်ရွက်လျက်ရှိသည့် သုတေသန လုပ်ငန်းများ၏ လုပ်ငန်းတိုးတက်မှု အခြေအနေများနှင့် ငွေစာရင်းများ ရှင်းလင်းတင်ပြခြင်း၊ (Lutjanus spp) (red snapper) အား မျိုးဥနှင့် မျိုးရည်များ ရင့်ကျက်လာစေရန် မတူညီသောအစာ၊ ဆေးဝါးများဖြင့် စမ်းသပ် သုတေသနပြုခြင်း၊ ရေသတ္တဝါများ၏ ရောဂါဖြစ်ပွားမှုအခြေအနေများကို စမ်းသပ်သုတေသနပြု စစ်ဆေး ဆောင်ရွက်ခြင်း၊ ခရု ကမာ စမ်းသပ်သားဖောက် မွေးမြူခြင်းအပေါ် တွေ့ရှိချက်၊ ဆောင်ရွက်ပြီးစီးမှုများနှင့် အဏ္ဏဝါသိပ္ပံဌာနမှ ဆက်လက် ဆောင်ရွက်လိုသည့် သုတေသနလုပ်ငန်းများ၊ ကလွင်စခန်း အဆင့်မြှင့်တင်နိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို တင်ပြကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

မည်သည့်သီးနှံပင်ဖြစ်စေ မျိုးတစ်မျိုးကို နှစ်စဉ်ဆက်တိုက် စိုက်ပျိုးပါက အရည်အသွေးနှင့် အထွက်နှုန်းကျဆင်းလာနိုင်ခြင်းကြောင့် လက်ရှိထုတ်ဝေပြီးသားကြံမျိုးများမှ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးနေသောမျိုးများကို ခေတ်မီတစ်သျှူးနည်းဖြင့် မျိုးသန့်ပွားများပြီး ဖြန့်ဝေခြင်းလုပ်ငန်းကို ကြံသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံသုံးခြံတွင် ဆောင်ရွက်လျက်ရှိပါသည်။

တစ်သျှူးနည်းနှင့် ကြံမျိုးမွေးမြူခြင်းဖြင့် ရောဂါကင်းစင်ပြီး အရည်အသွေးကောင်းသော Healthy Seed Cane များကို ရရှိပါသည်။ အဆိုပါတစ်သျှူးစတင်မွေးမြူခြင်းနှင့် ရရှိလာသည့် Breeder Seed နှင့် Foundation Seed အဆင့်များကို သုတေသနခြံများနှင့် မျိုးသန့်ခြံများတွင် ဆောင်ရွက်လျက်ရှိပြီး စီးပွားဖြစ်မျိုးသန့်မျိုးစေ့ Commercial Seed အဆင့်အား မျိုးသန့်ခြံများနှင့် သကြားစက်ရုံများမှတစ်ဆင့် တောင်သူများထံ ဖြန့်ဖြူးပေးလျက်ရှိပါသည်။

ထွက်ရှိလာသော သကြားများ၏ အရည်အသွေးကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးရန် ပျဉ်းမနားကြံသုတေသနခြံတွင် ဓာတ်ခွဲခန်းအဆောက်အအုံဆောက်လုပ်ပြီးစီးနေပြီဖြစ်ပြီး လိုအပ်သည့်ပစ္စည်းအင်အား၊ လူအင်အားပြည့်စုံပါက ISO အသိအမှတ်ပြု သကြားအရည်အသွေး ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် မိမိတို့နိုင်ငံမှ ထွက်ရှိသော အရည်အသွေးစံချိန်မီသည့် သကြားများကို အာဆီယံနှင့် အနောက်နိုင်ငံများအထိပါ တင်ပို့နိုင်မည်ဖြစ်သောကြောင့် တိုင်းပြည်ဝင်ငွေ ပိုမိုရရှိမည့်အပြင် သကြားစက်ရုံများနှင့် တောင်သူများပါ အကျိုးအမြတ်များစွာ ရရှိစေနိုင်မည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပေသည်။ ။

# ဒုတိယဝန်ကြီး ဦးဌေးလှိုင် ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်သည် ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Eduardo Jose A. De Vega နှင့် အဖွဲ့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ စုံစမ်းဖော်ထုတ်၍ ထိထိရောက်ရောက် တားဆီးကာကွယ် တိုက်ဖျက်ဆောင်ရွက်နေမှု၊ ယင်းသို့ဆောင်ရွက်ရာတွင် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများ ကူညီကယ်တင်ဆောင်ရွက်မှုနှင့် ယင်းတို့အနက် ဖိလစ်ပိုင်နိုင်ငံသားများအား ကူညီကယ်တင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ကူညီကယ်တင်ထားသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်ပို့ဆောင်နိုင်ရေး လုပ်ငန်းစဉ်အလိုက် စီစဉ်ဆောင်ရွက်နေမှု အခြေအနေ၊ ပြည်ဝင်ဗီဇာအမျိုးမျိုးဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်/ထွက်ခွာလျက်ရှိသည့် ဖိလစ်ပိုင်နိုင်ငံသားများနှင့် မြန်မာ–ဖိလစ်ပိုင် နှစ်နိုင်ငံအကြား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာများ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် မတ် ၁၇

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့တွင် မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၀၈၈၈၉ ဦးရှိ

**နေပြည်တော် မတ် ၁၇**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းက စတင်ကျင်းပရာ နိုင်ငံခြားစာစစ်ဌာန အပါအဝင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၀၈၈၈၉ ဦး ရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြား စာစစ်ဌာန ၁၃ ခုနှင့် ပြည်တွင်း စာစစ်ဌာန ၈၀၄ ခု စာစစ်ဌာန စုစုပေါင်း ၈၁၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၂၀၈၄၃ ဦး ရှိပြီး စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၀၈၈၈၉ ဦး၊ ပျက်ကွက် ၁၁၉၅၄ ဦးရှိကာ ဖြေဆိုသူ ၉၄ ဒသမ ၅၉ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ် စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်- မြန်မာစာ  နေ့စွဲ - ၁၇-၃-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၈၉၅ | ၆၀၇၈ | ၉၉၇၃ | ၃၃၃၇ | ၅၃၆၂ | ၈၆၉၉ | ၅၅၈ | ၇၁၆ | ၁၂၇၄ | ၈၇.၂၃% | ၁၂.၇၇% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၄၄ | ၉၇ | ၁၄၁ | ၄၂ | ၉၀ | ၁၃၂ | ၂ | ၇ | ၉ | ၉၃.၆၂% | ၆.၃၈% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၁၇၆ | ၂၃၆၈ | ၃၅၄၄ | ၁၀၇၇ | ၂၂၇၁ | ၃၃၄၈ | ၉၉ | ၉၇ | ၁၉၆ | ၉၄.၄၇% | ၅.၅၃% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၂၀၈ | ၃၄၈ | ၅၅၆ | ၁၄၈ | ၂၆၀ | ၄၀၈ | ၆၀ | ၈၈ | ၁၄၈ | ၇၃.၃၈% | ၂၆.၆၂% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၀ | ၃၅ | ၄၁၃၁ | ၆၁၇၄ | ၁၀၃၀၅ | ၃၈၄၇ | ၆၀၁၁ | ၉၈၅၈ | ၂၈၄ | ၁၆၃ | ၄၄၇ | ၉၅.၆၆% | ၄.၃၄% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၆ | ၁၇၂၈ | ၃၀၂၉ | ၄၇၅၇ | ၁၆၂၁ | ၂၉၂၀ | ၄၅၄၁ | ၁၀၇ | ၁၀၉ | ၂၁၆ | ၉၅.၄၆% | ၄.၅၄% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၇ | ၅၁၉၅ | ၇၇၉၀ | ၁၂၉၈၅ | ၄၈၆၇ | ၇၅၂၉ | ၁၂၃၉၆ | ၃၂၈ | ၂၆၁ | ၅၈၉ | ၉၅.၄၆% | ၄.၅၄% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၄၄၀၂ | ၅၇၇၀ | ၁၀၁၇၂ | ၄၁၁၀ | ၅၅၇၅ | ၉၆၈၅ | ၂၉၂ | ၁၉၅ | ၄၈၇ | ၉၅.၂၁% | ၄.၇၉% | |
| ၉ | မကွေး | ၇ | ၂၂ | ၄၉ | ၇၈၆၁ | ၁၀၇၃၉ | ၁၈၆၀၀ | ၇၄၀၇ | ၁၀၄၅၅ | ၁၇၈၆၂ | ၄၅၄ | ၂၈၄ | ၇၃၈ | ၉၆.၀၃% | ၃.၉၇% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၈၉ | ၁၅၄၇၃ | ၂၀၀၂၇ | ၃၅၅၀၀ | ၁၄၇၇၄ | ၁၉၆၀၉ | ၃၄၃၈၃ | ၆၉၉ | ၄၁၈ | ၁၁၁၇ | ၉၆.၈၅% | ၃.၁၅% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၃ | ၃၁၆၆ | ၆၁၈၄ | ၉၃၅၀ | ၃၀၀၄ | ၅၉၆၈ | ၈၉၇၂ | ၁၆၂ | ၂၁၆ | ၃၇၈ | ၉၅.၉၆% | ၄.၀၄% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၈ | ၁၄၁၇ | ၁၈၄၇ | ၃၂၆၄ | ၇၄၁ | ၈၂၃ | ၁၅၆၄ | ၆၇၆ | ၁၀၂၄ | ၁၇၀၀ | ၄၇.၉၂% | ၅၂.၀၈% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၉၁ | ၁၇၇၉၈ | ၂၁၄၆၅ | ၃၉၂၆၃ | ၁၆၇၇၆ | ၂၀၆၉၂ | ၃၇၄၆၈ | ၁၀၂၂ | ၇၇၃ | ၁၇၉၅ | ၉၅.၄၃% | ၄.၅၇% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၆ | ၄၈၄၂ | ၇၉၃၆ | ၁၂၇၇၈ | ၄၆၄၆ | ၇၇၆၁ | ၁၂၄၀၇ | ၁၉၆ | ၁၇၅ | ၃၇၁ | ၉၇.၁၀% | ၂.၉၀% | |
| ၁၅ | ရှမ်း(မြောက်) | ၂ | ၃ | ၄ | ၂၇၃ | ၄၁၆ | ၆၈၉ | ၂၅၄ | ၄၀၄ | ၆၅၈ | ၁၉ | ၁၂ | ၃၁ | ၉၅.၅၀% | ၄.၅၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၆၇၈ | ၁၀၆၇ | ၁၇၄၅ | ၆၅၁ | ၁၀၄၄ | ၁၆၉၅ | ၂၇ | ၂၃ | ၅၀ | ၉၇.၁၃% | ၂.၈၇% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၅ | ၁၄၈၇၆ | ၁၉၃၉၉ | ၃၄၂၇၅ | ၁၃၆၅၉ | ၁၈၅၈၂ | ၃၂၂၄၁ | ၁၂၁၇ | ၈၁၇ | ၂၀၃၄ | ၉၄.၀၇% | ၅.၉၃% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၇၃၀ | ၇၁၉၆ | ၁၂၉၂၆ | ၅၄၈၄ | ၇၀၆၈ | ၁၂၅၅၂ | ၂၄၆ | ၁၂၈ | ၃၇၄ | ၉၇.၁၁% | ၂.၈၉% | |
| ၁၉ | နိုင်ငံခြား | | | ၁၃ | ၁၁ | ၉ | ၂၀ | ၁၁ | ၉ | ၂၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၄ | ၂၅၀ | ၈၁၇ | ၉၂၉၀၄ | ၁၂၇၉၃၉ | ၂၂၀၈၄၃ | ၈၆၄၅၆ | ၁၂၂၄၃၃ | ၂၀၈၈၈၉ | ၆၄၄၈ | ၅၅၀၆ | ၁၁၉၅၄ | ၉၄.၅၉% | ၅.၄၁% | |

## နေပြည်တော်ကောင်စီနယ်မြေအတွင်း စာစစ်ဌာနများ၌ တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ စတင်ဖြေဆို

**နေပြည်တော် မတ် ၁၇**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို နေပြည်တော်ကောင်စီ နယ်မြေအတွင်း၌ သက်ဆိုင်ရာ စာစစ်ဌာနများအလိုက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်း ပျော်ရွှင်စွာ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

နံနက်ပိုင်းမှ စတင်၍ တက္ကသိုလ်ဝင် စာမေးပွဲဝင်ရောက် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများသည် မိမိတို့ဖြေဆိုကြမည့် စာစစ်ဌာနများသို့ အချိန်မီ ရောက်ရှိလာကြရာ တာဝန်ကျ ဆရာ ဆရာမများက စာမေးပွဲ ဖြေဆိုခွင့်ကတ်များ မှန်/ မမှန် စစ်ဆေးခြင်း၊ ဖြေဆိုကြမည့် အခန်းများအတွင်း၌လည်း ကျောင်းသား ကျောင်းသူများ လိုက်နာရမည့် စာမေးပွဲဆိုင်ရာ စည်းကမ်းချက်များ ရှင်းလင်းပြောကြားခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

“ဒီစာစစ်ဌာနမှာ အထက(၅)၊ အထက(၆)၊ စိုးစံကိုယ်ပိုင်အထက်တန်းကျောင်းနဲ့ အလွတ်ဖြေတို့ ဖြေဆိုကြမှာဖြစ်ပါတယ်။ ဘာသာတွဲအလိုက် STEAMS–1၊ STEAMS–2 နဲ့ STAMS–1 ဆိုပြီး ခွဲထားပါတယ်။ STEAMS –1 မှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ ဘာသာရပ်တွေ ပါဝင်ပြီး ကျောင်းသားကျောင်းသူ ၂၆၅ ဦး ဖြေဆိုမှာ ဖြစ်ပါတယ်။ STEAMS – 2 မှာတော့ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ ဘာသာရပ်တွေ ပါဝင်ပြီး ၉၉ ဦး ဖြေဆိုမှာ ဖြစ်ပါတယ်။ STAMS –1 မှာတော့ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီ၊သမိုင်း၊ဘောဂဗေဒဘာသာရပ်တွေ ပါဝင်ပြီး ၁၀ ဦး ဖြေဆိုမှာ ဖြစ်ပါတယ်။ ဒီစာစစ်ဌာနမှာ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၇၄ ဦး ဖြေဆိုမှာ ဖြစ်ပါတယ်။ တစ်ခန်းကို ကျောင်းသား ကျောင်းသူ ဦးရေ ၃၀ စီဖြေဆိုမှာ ဖြစ်ပြီး စာဖြေခန်း စုစုပေါင်း ၁၃ ခန်းဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်ခန်းနဲ့ အရန်အခန်းတွေလည်း ထားရှိပါတယ်။ ဒီကျောင်းမှာ ကတ်ထုတ်ဝေပေးတာကအစ အားလုံး အဆင်ပြေချောမွေ့ပါတယ်” ဟု အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန ကြီးကြပ်ရေးမှူး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းမော်က ပြောကြားသည်။



အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်၌ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို မြင်တွေ့ရစဉ်။



ဒေါ်စမ်းစမ်းမော်



မောင်ပိုင်ထက်ဦး

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ စာစစ်ဌာန နှစ်ခု၊ လယ်ဝေးမြို့နယ်ရှိ စာစစ်ဌာန ၁၀ ခု၊ ဇမ္ဗူသီရိမြို့နယ်ရှိ စာစစ်ဌာန ခြောက်ခု၊ ပျဉ်းမနားမြို့နယ်ရှိ စာစစ်ဌာန ငါးခု၊ ပုဗ္ဗသီရိမြို့နယ်ရှိ စာစစ်ဌာန ငါးခု၊ ဇေယျာသီရိမြို့နယ်ရှိ စာစစ်ဌာန ငါးခု၊ ဥတ္တရသီရိမြို့နယ်ရှိ စာစစ်ဌာန ခြောက်ခု၊ တပ်ကုန်းမြို့နယ်ရှိ စာစစ်ဌာန ရှစ်ခုတို့တွင် ကျောင်းသား ၅၄၈၄ ဦး၊ ကျောင်းသူ ၇၀၆၈ ဦး စုစုပေါင်း ၁၂၅၅၂ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

“ပထမဆုံး ဖြေဆိုတဲ့ မြန်မာစာကိုတော့ အဆင်ပြေပြေ ချောချောမွေ့မွေ့နဲ့ ဖြေဆိုနိုင်ခဲ့ပါတယ်။ ကျက်ထားတာတွေ တိုးတဲ့အတွက် အခက်အခဲမရှိပါဘူး။ စာမေးပွဲခန်းဝင်ခါနီး စိတ်လှုပ်ရှားမှု နည်းနည်းရှိပါတယ်။ နောက်ထပ်ဖြေဆိုမယ့် ဘာသာရပ်တွေကိုလည်း အခက်အခဲမရှိ ဖြေဆိုနိုင်အောင် ဆက်လက်ကြိုးစားသွားမှာဖြစ်ပါတယ်” ဟု တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ မောင်ပိုင်ထက်ဦးက ပြောသည်။

ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ် ကာလအတွင်း အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်များအလိုက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျ စီမံဆောင်ရွက်ထားကြောင်း သိရသည်။ **မျိုးဆက်သစ်**

**ဓာတ်ပုံ – ကိုကိုအေး**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် အုတ်တွင်းမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနေမှု သွားရောက်ကြည့်ရှုအားပေး



**ပဲခူး မတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ မတ် ၁၇ ရက် နံနက်ပိုင်းက အုတ်တွင်းမြို့နယ်နှင့် ဒိုက်ဦးမြို့နယ် တို့တွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနေမှုကို သွားရောက် ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အုတ်တွင်းမြို့နယ် ဇောဓိကုန်းကျေးရွာအုပ်စု အထက-တပ်နယ် စာစစ်ဌာန၌ ကျောင်းသား ကျောင်းသူ ၁၀၇ ဦးမှ တက္ကသိုလ်ဝင်စာမေးပွဲ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ကြီးကြပ်ရေး မှူး ဆရာ ဆရာမများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒိုက်ဦးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသား ကျောင်းသူ ၂၃၁ ဦးနှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသား ကျောင်းသူ ၃၅၆ ဦးတို့မှ တက္ကသိုလ်ဝင် စာမေးပွဲ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး မေးခွန်းနှင့် အဖြေလွှာ လုံခြုံရေး အထူးဂရုစိုက်ရန် တာဝန်ရှိသူများအား မှာကြားကာ ကြီးကြပ်ရေးမှူး ဆရာ ဆရာမများ အတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကရင်ပြည်နယ်အတွင်း စာစစ်ဌာန ၁၂ ခု၌ ကျောင်းသား ကျောင်းသူ ၃၃၄၈ ဦး မြန်မာစာဝင်ရောက်ဖြေဆို



**ဘားအံ မတ် ၁၇**

၂၀၂၅ ခုနှစ် မတ် ၁၇ ရက်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တက္ကသိုလ်ဝင် စာမေးပွဲများကို စတင်ကျင်းပလျက်ရှိရာ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေး၊ ကျန်းမာရေး၊ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိပြီး ကရင်ပြည်နယ်အတွင်းစာစစ်ဌာန ၁၂ ခု၌ ယနေ့ မြန်မာစာဖြေဆိုသည့်နေ့တွင် ကျောင်းသား ကျောင်းသူ ၃၃၄၈ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

ထိုသို့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဘားအံမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူ ၄၇၆ ဦး မြန်မာစာဘာသာ ဖြေဆိုနေမှုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက စာမေးပွဲဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး ကြီးကြပ်ရေးမှူး၊ လက်ထောက် ကြီးကြပ်ရေးမှူးများနှင့် တာဝန်ရှိသူများအား တက္ကသိုလ်ဝင် စာမေးပွဲကို ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရန်အတွက် စာမေးပွဲစည်းမျဉ်း၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့အတူ တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာဖြေဆိုပြီး ကျောင်းသား ကျောင်းသူများကို ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက အားဖြည့်အချိုရည်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှု ကြည့်ရှုအားပေး



**လွိုင်ကော် မတ် ၁၇**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့ စတင်ကျင်းပရာ လွိုင်ကော်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ပြည်နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုနေမှုကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးသည်။

စာစစ်ဌာနအတွင်း ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် စာမေးပွဲ အောင်မြင်စွာ ဖြေဆိုနိုင်ရန် စီမံထားရှိမှုများ၊ ကျန်းမာရေး စောင့်ရှောက်မှုပေးရန် စီမံထားရှိမှုများ၊ စာမေးပွဲဖြေဆိုခန်းများနှင့် ကျောင်းပရဝဏ် အတွင်း/အပြင်၌ ဆရာ ဆရာမများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တာဝန်ချထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းတာဝန်များ စနစ်တကျ ဆောင်ရွက်ကြရန်နှင့် စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် အခက်အခဲမရှိ ဖြေဆိုနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာန၌ တက္ကသိုလ်ဝင် စာမေးပွဲ(ပထမရက်) မြန်မာဘာသာဖြေဆိုမှုတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် မတ် ၁၇ - ယနေ့ မြန်မာစံတော်ချိန် ည ၉ နာရီ ၂၈ မိနစ် ၃၉ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် နှစ်မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကမာရွတ်မြို့နယ်၏ မြောက်ဘက် တစ်မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၆ ဒသမ ၈၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၃ ဒီဂရီ၊ အနက် ၁၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်ျ)တာစကေး ၃ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

○ *ကျောဖုံးမှ*

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အမျိုးသမီးလိဂ်ပြိုင်ပွဲကို စလင်းကွင်း၊ ပဒုမ္မာကွင်း၊ YUSC ကွင်းတို့တွင် ကျင်းပမည်ဖြစ်ပြီး အား/ကာသိပ္ပံအသင်းမှာမူ ၎င်းတို့၏ အိမ်ကွင်းပွဲများကို ပဒေသာကွင်း၌ လက်ခံကစားမည်ဖြစ်သည်။ ပွဲစဉ်(၁)ကို ဧပြီ ၁ ရက်နှင့် ၂ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ဧပြီ ၁ ရက်တွင် YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် အား/ကာ သိပ္ပံအသင်း၊ စလင်းကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဧရာဝတီအသင်း၊ ပဒုမ္မာကွင်း၌ မြဝတီအသင်းနှင့် YREO အသင်း၊ ဧပြီ ၂ ရက်တွင် ပဒုမ္မာကွင်း၌ သစ္စာအားမာန်အသင်းနှင့် Young Lionesses အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ခုနစ်ရာသီမြောက် ကျင်းပမည်ဖြစ်ပြီး ကျင်းပပြီးစီးခဲ့သည့် ခြောက်ကြိမ်တွင် မြဝတီအသင်းက သုံးကြိမ်၊ အား/ကာသိပ္ပံအသင်းက သုံးကြိမ် ဗိုလ်စွဲထားသည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MWL**

◆ *ကျောဖုံးမှ*

နိုင်ပွဲရရှိကာ နှစ်ပေါင်း ၇၀ ကြာ ပြည်တွင်းဖလား မရရှိမှုကို အဆုံးသတ်နိုင်ခဲ့သည်။

လီဗာပူးအသင်းသည် ပထမပိုင်းပွဲချိန်အတွင်း နယူးကာဆယ်အသင်းဘက်သို့ ဂိုးပေါက်ကန်သွင်းမှု တစ်ကြိမ်သာပြုလုပ်နိုင်ခဲ့သည့်အထိ ခြေစွမ်းကျဆင်းခဲ့သည်။ ဒုတိယပိုင်းတွင်လည်း နိုင်လိုစိတ်ပြင်းထန်သည့် နယူးကာဆယ်အသင်းကသာ ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့သည်။ နယူးကာဆယ်အသင်းအတွက် သွင်းဂိုးများကို ဘန်းနှင့် အီဆတ်တို့က သွင်းယူပေးခဲ့သည်။ လီဗာပူးအသင်းအတွက် ချေပဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် ချီယေဆာက သွင်းယူပေးခဲ့သည်။

နယူးကာဆယ်အသင်းသည် ၁၉၅၅ ခုနှစ်က အက်ဖ်အေဖလား ဆွတ်ခူးရရှိပြီးနောက် ပြည်တွင်းဖလား ဆွတ်ခူးနိုင်မှုမရှိသေးပေ။ ထို့အပြင် နယူးကာဆယ်အသင်းသည် ၂၀၂၂-၂၀၂၃ ခုနှစ်က လိဂ်ဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သော်လည်း ပြိုင်ဘက်မန်ယူအသင်းကို နှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့သည့်အတွက် ဖလားကိုင်မြှောက်ခွင့် လွဲချော်ထားသည်။ ယခုနှစ်တွင် နာမည်ကြီး လီဗာပူးအသင်းကို အနိုင်ရရှိပြီး လိဂ်ဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့သည်။

အရည်အသွေးမြင့် ထိပ်တန်းကစားသမားအများအပြား ပိုင်ဆိုင်ထားသည့် လီဗာပူးအသင်းသည် လိဂ်ဖလားဗိုလ်လုပွဲတွင် နယူးကာဆယ်အသင်းကို ရှုံးနိမ့်ကာ ဖလားဆွတ်ခူးခွင့် လွဲချော်ခဲ့သလို ပြီးခဲ့သည့် သီတင်းပတ်က ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်း အဆင့်တွင်လည်း ပြိုင်ဘက် ပီအက်စ်ဂျီအသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲမှ ထွက်ခွာထားရပြီးဖြစ်သည်။

**အောင်ဇော်**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများစတင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး၌ ကျောင်းသား ကျောင်းသူ ၃၄၀၀၀ ကျော် ဝင်ရောက်ဖြေဆို

**မန္တလေး မတ် ၁၇**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ယနေ့နံနက် ၉ နာရီမှစတင်၍ ကျင်းပလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်း ၌လည်း သက်ဆိုင်ရာ စာစစ်ဌာနများအလိုက် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဝင်ရောက်ဖြေဆိုကြသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းဒေသကြီးအတွင်း၌ စာစစ်ဌာန ၈၉ ခု ဖွင့်လှစ်ထားရှိပြီး ဖြေဆိုရန် စာရင်းရှိ ၃၅၅၀၀ အနက် ၃၄၃၈၃ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး ဖြေဆိုမှုရာခိုင်နှုန်းအနေဖြင့် ၉၆ ဒသမ ၈၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ထို့ပြင် ကျောင်းသားဦးရေအပေါ်မူတည်၍ စာစစ်ဌာနများတွင် ကြီးကြပ်ရေးမှူးတစ်ဦးစီနှင့် စာဖြေခန်းတစ်ခန်းလျှင် စာမေးပွဲအတွင်းစောင့် ဆရာ ဆရာမ နှစ်ဦး ထားရှိစောင့်ကြပ်ပြီး စာဖြေခန်းတစ်ခုတွင် ဖြေဆိုသူဦးရေ ၃၀ ထားရှိဖြေဆိုစေကြောင်းနှင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးနှင့် မန္တလေး ဗဟိုအကျဉ်းထောင်တို့တွင်လည်း စာစစ်ဌာနများ ဖွင့်လှစ်ဖြေဆိုခွင့်ပြုထားကြောင်း သိရသည်။

အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် ကြီးကြပ်ရေးမှူးတာဝန်ထမ်းဆောင်နေသည့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုလှိုင်က "ကျွန်မတို့ စာစစ်ဌာနမှာတော့ အတွင်းစည်း၊ အပြင်စည်းတွေနဲ့ လုံခြုံရေးဆောင်ရွက်ထားပါတယ်။ အတွင်းစည်းမှာတော့ ကြီးကြပ်ရေးမှူး၊ တွဲဖက်ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူး စတဲ့ပညာရေးဝန်ထမ်းတွေက တာဝန်ယူဆောင်ရွက်ပါတယ်။ အပြင်စည်းမှာတော့ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့တွေက လိုအပ်တာတွေကို ဆောင်ရွက်ပေးပြီး တက္ကသိုလ်ဝင်စာမေးပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်မတို့ စာစစ်ဌာနမှာ ဘာသာတွဲ သုံးတွဲဖြေဆိုကြပါတယ်။ ဖြေဆိုသူဦးရေအနေနဲ့ ဘာသာတွဲ သုံးတွဲမှာ ၆၀၂ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိပါတယ်။ စာဖြေခန်းအနေနဲ့ ၂၁ ခန်းရှိပြီး စာဖြေခန်းတစ်ခန်းကို ကျောင်းသား ကျောင်းသူ ၃၀ ဖြေဆိုစေပါတယ်။ ကျောင်းသား ကျောင်းသူတွေ စိတ်အေးချမ်းပျော်ရွှင်စွာ ဖြေဆိုနိုင်ဖို့ အားလုံးက ပူးပေါင်းဆောင်ရွက်ပေးတဲ့အတွက် ဒီနေ့ မြန်မာစာဘာသာရပ်ကို အေးချမ်းစွာ ဖြေဆိုနေကြပါတယ်။ စာမေးပွဲဖြေဆိုကြတဲ့ ကျောင်းသား ကျောင်းသူတွေအားလုံး ကျန်းမာရေးကောင်းမွန်ပြီး ဘာသာရပ်အားလုံးကိုလည်း အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်" ဟု ပြောသည်။





တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုသူ ကျောင်းသားတစ်ဦးကလည်း "တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်စွာ ဖြေဆိုနိုင်ဖို့အတွက် အလွန်ကြိုးစားခဲ့ပါတယ်။ စိတ်လည်း အလွန်လှုပ်ရှားနေပါတယ်။ ကျွန်တော် တစ်နှစ်ပတ်လုံး စာကျက်မှတ်နေတဲ့အချိန်မှာလည်း မိဘတွေက လိုလေသေးမရှိအောင် အားလုံးဖြည့်ဆည်းပေးပါတယ်။ ဒီနေ့ မြန်မာစာဘာသာရပ် စတင်ဖြေဆိုရတဲ့အချိန်မှာလည်း အကောင်းဆုံးကြိုးစားပြီး ဖြေဆိုသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ကြိုးစားမှုနဲ့အတူ စာမေးပွဲရလဒ်ကိုလည်း ဘာသာရပ်တွေအလိုက် အမှတ်တွေအများကြီး ရရှိမယ်လို့ ယုံကြည်ထားပါတယ်" ဟု ပြောသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက်မှ ၂၂ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ၁၂ နာရီအထိ ပိတ်ရက်မရှိ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီး အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။ **မောင်အေးချမ်း**

## ဗဟန်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆို

**ရန်ကုန် မတ် ၁၇**

၂၀၂၄ -၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများကို ယနေ့ နံနက်ပိုင်းတွင် စတင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်တွင် ပထမနေ့ မြန်မာစာကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲ စတင်ဖြေဆိုလျက်ရှိသည်။ **အောင်မြင့်(ပြန်/ဆက်)**



## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ကျောင်းသား ကျောင်းသူ ၆၄၁ ဦး ဝင်ရောက်ဖြေဆို

**ရန်ကုန် မတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ယနေ့နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်အတွင်းရှိ အထက်တန်းငါးကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၄၁ ဦးတို့ လာရောက်ဖြေဆိုရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့် တာဝန်ရှိသူများက လိုအပ်သောအကူအညီများ ပေးခဲ့ကြောင်း သိရသည်။

**စည်သူမောင်မောင်(ပြန်/ဆက်)**



## တီးတိန်မြို့၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆို

**တီးတိန် မတ် ၁၇**

ချင်းပြည်နယ် တီးတိန်မြို့၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း တီးတိန်စာစစ်ဌာန၌ မြန်မာစာဘာသာရပ်ကို စတင်ဖြေဆိုကြသည်။

ထိုသို့ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းတို့က သွားရောက်ပြီး အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ တီးတိန်မြို့တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့တွင် စာရင်းရှိ ၁၅၈ ဦးရှိပြီး ဖြေဆိုသူ ၁၄၈ ဦးရှိရာ ၉၃ ဒသမ ၆၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**မိုးမိုး**



❑ *ကျောဖုံးမှ*

စုစုပေါင်း ၄၁၄ ဦးတို့ကို မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၆၆ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ် E.A.S Wijayanthi Edirisinghe နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တ့ခ်ခရိုင် မဲဆောက်မြို့ ထိုင်း-မြန်မာမြို့နယ်အဆင့် နယ်ခြားကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး နတ်ထကော်န်ရယင်းတစ်နှင့် တာဝန်ရှိသူများ၊ အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံသားကာကွယ်ရေးနှင့် ကယ်ဆယ်ရေးဌာန ညွှန်ကြားရေးမှူး M. Judha Nugraha နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့ KK Park နယ်မြေသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၆၆ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၆၈၆၅ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၄၀၀၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၆၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများ အားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ-တရုတ်-ထိုင်းသုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) တို့ဖြင့် စဉ်ဆက်မပြတ်တက်ကြွစွာ ဖော်ထုတ်အရေးယူမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနပေါင်း ၈၂ ခု၌ စာမေးပွဲဖြေဆိုသူ ၁၅၀၀၀ ကျော်ရှိ

**တောင်ကြီး မတ် ၁၇**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တပ်မတော် ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းမှ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် သန့်ထင်စိုး၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မတ် ၁၇ ရက်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ(ပထမနေ့) မြန်မာစာဖြေဆိုနေကြသည့် ကျောင်းသား ကျောင်းသူများအား သွားရောက်ကြည့်ရှုအားပေးသည်။

**ဟိုပုံးမြို့**

အဆိုပါ ဟိုပုံးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် စာစစ်ဌာနတစ်ခုရှိပြီး ကျောင်းတွင်းစာမေးပွဲဖြေဆိုသူ ၂၉၇ ဦး၊ ကျောင်းပြင်ပဖြေဆိုသူ ၆၆ ဦး စုစုပေါင်း စာမေးပွဲဖြေဆိုသူ ကျောင်းသား ကျောင်းသူဦးရေ ၃၆၃ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ထို့နောက်တစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တောင်ကြီးမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ (ပထမနေ့) မြန်မာစာဘာသာရပ် ဖြေဆိုနေကြသည့် ကျောင်းသား ကျောင်းသူများအား သွားရောက်ကြည့်ရှုအားပေးသည်။

**တောင်ကြီးမြို့**

တောင်ကြီးမြို့နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲများကို တောင်ကြီးမြို့ပေါ်ရှိ အ.ထ.က (၁)၊အ.ထ.က(၂)၊ အ.ထ.က(၃)၊ အ.ထ.က(၄)၊ အ.ထ.က(၅)၊အ.ထ.က(၇)နှင့်အေးသာယာအ.ထ.က (၁)၊ အ.ထ.က(၂)၊ တောင်နီ အ.ထ.က စာစစ်ဌာနတို့တွင် ဖြေဆိုသူကျောင်းသား ၁၄၉၄ ဦး၊ ကျောင်းသူ ၂၂၆၅ ဦး စုစုပေါင်း ၃၇၅၉ ရှိပြီး ရှမ်းပြည်နယ် တစ်ခုလုံးတွင် စာစစ်ဌာနပေါင်း ၈၂ ခု၌ စာမေးပွဲဖြေဆိုသူ စာရင်းရှိ ၁၅၂၁၂ ဦးရှိကြောင်း သိရသည်။



**မောင်မောင်သန်း(တောင်ကြီး)**

# ထားဝယ်မြို့၌ အခြေခံပညာဆရာ ဆရာမများ ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာ နည်းပြသင်တန်းဆင်း



**ထားဝယ် မတ် ၁၇**

တနင်္သာရီတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် အခြေခံပညာဆရာ ဆရာမများ ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်း ဖွင့်လှစ်နိုင်ရေး နည်းပြသင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၁၆ ရက်က ထားဝယ်မြို့ ထားဝယ်ပညာရေးဒီဂရီကောလိပ် တိက္ခပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးကြီးပြီး အရင်းအနှီးသည် ပညာရေးဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပြီး သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်အညီ ပြောင်းလဲရေးဆွဲခြင်း၊ အရည်အသွေးမြင့်မားသော ပညာရေး ဖြစ်စေရေးအတွက် ဆရာ ဆရာမများ၏ အရည်အသွေး မြှင့်တင်နိုင်ရန် သင်တန်းများ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ မဟာပညာရေးဘွဲ့ရ ဆရာ ဆရာမ ၂၅ ဦးဖြင့် ဘာသာရပ် ၁၈ ခုကို သင်ကြားပို့ချပေးပြီးဖြစ်သကဲ့သို့ ခရိုင်များတွင် ကျင်းပမည့် သင်တန်းများတွင်လည်း ထိရောက်စွာ ပြန်လည်ပို့ချပေးနိုင်ရန်အတွက် အထူးအလေးပေး ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ထားဝယ်ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်နီနီသန်းက သင်တန်းကျင်းပရခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## သထုံမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ် အေးချမ်းစွာဖြေဆို

**သထုံ မတ် ၁၇**

မွန်ပြည်နယ် သထုံမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်ကို ယနေ့ နံနက် ၉ နာရီက စာစစ်ဌာနနှစ်ခု၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စတင်ဖြေဆိုကြသည်။

သထုံမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပသည့် စာစစ်ဌာနနှစ်ခုရှိပြီး အထက(၁)သထုံစာစစ်ဌာန၌ ဖြေဆိုရန် စာရင်းပေးသွင်းသူပေါင်း ၃၉၁ ဦးရှိသည့်အနက် လာရောက်ဖြေဆိုသူ ၃၇၁ ဦး၊ ပျက်ကွက် ၂၀၊ အထက(ကျိုက္ကော်)၌ စာရင်းပေးသွင်းသူ ၄၀၁ ဦး၊ လာရောက်ဖြေဆိုသူ ၃၇၈ ဦး၊ ပျက်ကွက် ၂၃ ဦး စုစုပေါင်းဖြေဆိုရန် စာရင်းသွင်းထားသူပေါင်း ၇၉၂ ဦးရှိသည့်အနက် လာရောက်ဖြေဆိုသူ ၇၄၉ ဦး၊ ပျက်ကွက် ၄၃ ဦးရှိကြောင်း၊ ကျောင်းသားကျောင်းသူများ လုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် စာစစ်ဌာနများ၌ တာဝန်ရှိသူများက ကြပ်မတ်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ရပ်စောက်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေသည့် စာစစ်ဌာနများသို့ တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**ရပ်စောက် မတ် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေသည့် စာစစ်ဌာနများသို့ ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ် နိုင်ဇော်ဦးနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင့်လွင်တို့သည် ယနေ့နံနက် ၉ နာရီက စာစစ်ဌာနများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ထိုသို့ စစ်ဆေးရာတွင် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ဗထူးတပ်နယ်မှူးတို့သည် အ-ထ-က(၂)၊ အ-ထ-က (၁) ဗထူး၊ အ-ထ-က(၁) ရပ်စောက်၊ အ-ထ-က(ပင်ဖြစ်)၊ အ-ထ-က (ကောင်းဘို့) စာစစ်ဌာနများသို့ သွားရောက်၍ မြန်မာစာဘာသာရပ် စာမေးပွဲဖြေဆိုနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆရာ၊ ဆရာမများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားသည်။

ရပ်စောက်မြို့နယ်တွင် အင်တောမြို့နယ်ခွဲအပါအဝင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနခြောက်ခုရှိပြီး ဖြေဆိုရန်စာရင်းရှိ ကျား ၂၈၅ ဦး၊ မ ၅၃၃ ဦး၊ စုစုပေါင်း ၈၁၈ ဦးဖြစ်ပြီး ယနေ့ မတ် ၁၇ ရက်တွင် မြန်မာစာဘာသာရပ်ကို လာရောက်ဖြေဆိုသူကျား ၂၇၀၊ မ ၅၁၇ ဦး၊ စုစုပေါင်း ၇၈၇ ဦး လာရောက်ဖြေဆိုကြောင်းနှင့် ပျက်ကွက် ၃၁ ဦးဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## လမ်းမတော်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆို

**ရန်ကုန် မတ် ၁၇**

၂၀၂၄ -၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများကို ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်တွင် ပထမနေ့ မြန်မာစာဘာသာရပ်ကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ယနေ့တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုလျက်ရှိသည်။

လမ်းမတော်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၈၃ ဦး စာရင်းပေးသွင်းထားကာ ယနေ့ လာရောက် ဖြေဆိုသူ စုစုပေါင်း ၄၇၀ ရှိပြီး ၉၇ ရာခိုင်နှုန်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးကြပ်၍ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**ကျော်ဆန်းမြင့်**

## ညောင်တုန်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ(မြန်မာစာ)ဖြေဆိုသူ ၈၂၃ ဦးရှိ



**ညောင်တုန်း မတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ(မြန်မာစာ)ကို ယနေ့ နံနက် ၉ နာရီက ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုလျက်ရှိရာ စာစစ်ဌာန ၁၁ ခု၌ မြန်မာစာဖြေဆိုသူဦးရေ ၈၂၃ ဦးရှိကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာဖြင့်ဖြေဆိုနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ အေးချမ်းစွာလာရောက်ဖြေဆိုကြသည့် ဓာတ်ပုံမြင်ကွင်း

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အလိုက် စာစစ်ဌာနများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက်မှ ၂၂ ရက်အထိ ဖြေဆိုလျက်ရှိရာ ယနေ့တွင် ပထမနေ့ မြန်မာစာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ လာရောက်ဖြေဆိုနေသည့် မြင်ကွင်းဓာတ်ပုံများကို စုစည်းဖော်ပြအပ်ပါသည်။



**ဖျာပုံ**

ဖျာပုံမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲပထမနေ့ မြန်မာစာဘာသာရပ်ကို မြို့နယ်အတွင်းရှိ စာစစ်ဌာန ၁၁ ခုတို့တွင် ကျောင်းသား ကျောင်းသူ ၁၅၃၈ ဦး လာရောက်ဖြေဆိုကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **အောင်ဝင်းနိုင်(ဖျာပုံ)**



**ပဲခူး**

ပဲခူးမြို့နယ်အတွင်း စာစစ်ဌာန လေးခု ဖွင့်လှစ်ထားရှိကာ ပထမနေ့ မြန်မာစာဘာသာရပ်ကို ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၇၂ ဦး ဝင်ရောက်ဖြေဆိုကြသည်။ **သက်ဖြိုးကြိုင်(ပြန်/ဆက်)**



**ကျိုက်ထို**

ကျိုက်ထိုမြို့နယ်ရှိ စာစစ်ဌာနနှစ်ခု၌ မြန်မာစာဘာသာရပ်ကို လာရောက်ဖြေဆိုသူ စုစုပေါင်း ၇၂၄ ဦးကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**ကြာအင်းဆိပ်ကြီး**

ကြာအင်းဆိပ်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ကို ဝင်ရောက်ဖြေဆိုသူ စုစုပေါင်း ၃၅၈ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**မိုးညှင်း**

မိုးညှင်းမြို့နယ်ရှိစာစစ်ဌာနသုံးခုတွင် မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၆၄၀ ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **ရွှေမိုးညှင်း**



**ကံမ**

ကံမမြို့နယ်၌ အခြေခံပညာ အထက်တန်းကျောင်း(ကံမ) စာစစ်ဌာနတွင် မြန်မာစာဘာသာရပ်ကို ကျောင်းသား ကျောင်းသူ ၄၅၀ အေးချမ်းစွာ စတင်ဖြေဆိုလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **ကျော်ဇေယျဝင်း(ကံမ)**




**ဘားအံ**

ဘားအံမြို့နယ်ရှိ စာစစ်ဌာနလေးခုတွင် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ကို ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၈၃၉ ဦး ဝင်ရောက်ဖြေဆိုကြကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **ခရိုင်(ပြန်/ဆက်)**



**ရန်ကင်း**

ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် ပထမနေ့မြန်မာစာဘာသာရပ်ကို လာရောက်ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၄၇ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **လှလှထွေး(ပြန်/ဆက်)**



**ထားဝယ်**

ထားဝယ်မြို့ စာစစ်ဌာနများတွင် မြန်မာစာဘာသာရပ်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၁၃ ဦးရှိကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**



**ကျောင်းကုန်း**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ကို ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၇၈ ဦး ဝင်ရောက်ဖြေဆိုကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာန၂၄၅ ခုတွင် ကျောင်းသား ကျောင်းသူ ၃၂၂၄၁ ဦး ဝင်ရောက်ဖြေဆို



**ပုသိမ် မတ် ၁၇**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန ၂၄၅ ခုတွင် ပထမနေ့အဖြစ် ကျင်းပသည့် မြန်မာစာဘာသာရပ်ကို ကျောင်းသား ကျောင်းသူ ၃၂၂၄၁ ဦး ဝင်ရောက်ဖြေဆိုသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်ခရိုင်တွင် စာစစ်ဌာန ၄၁ ခု၊ ကျုံပျော်ခရိုင်တွင် စာစစ်ဌာန ၃၁ ခု၊ ဟင်္သာတခရိုင်တွင် စာစစ်ဌာန ၃၀ ခု၊ မြန်အောင်ခရိုင်တွင် စာစစ်ဌာန ၂၀ ခု၊ မအူပင်ခရိုင်တွင် စာစစ်ဌာန ၄၂ ခု၊ မြောင်းမြခရိုင်တွင် စာစစ်ဌာန ၃၅ ခု၊ ဖျာပုံခရိုင်တွင် စာစစ်ဌာန ၃၂ ခုနှင့် လပွတ္တာခရိုင်တွင် စာစစ်ဌာန ၁၄ ခု စုစုပေါင်း ၂၄၅ ခုတွင် မြန်မာစာဘာသာရပ်အား ကျောင်းသား ကျောင်းသူ ၃၂၂၄၁ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး ဖြေဆိုမှုရာခိုင်နှုန်းအားဖြင့် ၉၄ ဒသမ ၀၇ ရာခိုင်နှုန်းရှိခဲ့သည်။ တက္ကသိုလ်ဝင်စာမေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရန်နှင့် ကျောင်းသား ကျောင်းသူများ လုံခြုံစိတ်အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက လုံခြုံရေးများ ဆောင်ရွက်ထားရှိပေးသကဲ့သို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနကလည်း လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **လှမင်းထွဋ်(ပြန်/ဆက်)**

## သန်လျင်မြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှု တိုင်းဒေသကြီးဝန်ကြီး ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၁၇**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့နံနက်မှ စတင်ကျင်းပရာ သန်လျင်ခရိုင် သန်လျင်မြို့နယ်အတွင်းရှိ စာစစ်ဌာနများအား ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ



ဦးအောင်သိုက်ဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဦးစိုးနိုင်နှင့် တာဝန်ရှိသူများ၊ သန်လျင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးတင့်နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုစစ်ဆေးရာ မြို့နယ်ပညာရေးမှူးနှင့် စာစစ်ဌာနကြီးကြပ်ရေးမှူးများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးက ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုနိုင်ရေး လိုအပ်သည်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြား၍ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ သန်လျင်မြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန် စာရင်းပေးသွင်းထားသူ ကျောင်းသား ကျောင်းသူ ၁၄၇၈ ဦး၊ စာရင်းပေးသွင်းထားပြီး ယနေ့မြန်မာစာဘာသာရပ်တွင်ဖြေဆို၍ ၁၄၃၂ ဦး ဖြေဆိုရာ ရာခိုင်နှုန်း ၉၆ ဒသမ ၈၉ ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

**သန်းဝင်း (သန်လျင်)**



## မက်မန်းမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတင်ဖြေဆို

**မက်မန်း မတ် ၁၇**

ရှမ်းပြည်နယ် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မက်မန်းမြို့ အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနမှ ကျောင်းသား ကျောင်းသူများ ယနေ့နံနက် ၉ နာရီက ပထမနေ့ မြန်မာစာဘာသာရပ်ကို ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၃ ဦး ဝင်ရောက်ဖြေဆိုကြောင်း သိရသည်။

အဆိုပါ စာမေးပွဲဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူများအား စိတ်အေးချမ်းသာစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်းအောင် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းကူညီပေးလျက်ရှိကြောင်း သိရသည်။ **အေဇက်ထွန်း(မက်မန်း)**

## မင်းဘူး(စကု)မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား ကျောင်းသူပေါင်း ၁၁၅၂ ဦး ဝင်ရောက်ဖြေဆို

**မင်းဘူး မတ် ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့နံနက် ၉ နာရီက စာစစ်ဌာန သုံးခုတွင် ကျင်းပရာ ပထမနေ့အဖြစ် မြန်မာစာဘာသာရပ်ကို ဝင်ရောက်ဖြေဆိုသူပေါင်း ၁၁၅၂ ဦး ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

မင်းဘူး(စကု) မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲကို မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ စကုမြို့ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(မုန်တောင်)တို့ရှိ စာစစ်ဌာန သုံးခု၌ ကျင်းပရာ ကျောင်းတွင်း၊ ကျောင်းပြင် ဝင်ရောက်ဖြေဆိုရန် စာရင်းရှိ ကျောင်းသား ၅၃၉ ဦး၊ ကျောင်းသူ ၆၄၇ ဦး၊ စုစုပေါင်း ၁၁၈၆ ဦးရှိကြောင်း၊ ယနေ့ စာမေးပွဲပထမနေ့အဖြစ် မြန်မာစာဘာသာရပ်ကို ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ၅၁၅ ဦး၊ ကျောင်းသူ ၆၃၇ ဦး စုစုပေါင်း ၁၁၅၂ ဦးရှိပြီး ဖြေဆိုရန်



ပျက်ကွက်သူ ကျောင်းသား ၂၄ ဦး၊ ကျောင်းသူ ၁၀ ဦး စုစုပေါင်း ၃၄ ဦးရှိကာ ဖြေဆိုသည့် ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်သွယ်သွယ်က ပြောသည်။

**မောင်မောင်(မင်းဘူး)**

## ပြည်မြို့နယ်ရှိ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနငါးခု၌ ၁၅၆၈ ဦး ဝင်ရောက်ဖြေဆို

**ပြည် မတ် ၁၇**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့နံနက်ပိုင်းက စတင်ကျင်းပလျက်ရှိရာ ပြည်မြို့နယ်ရှိ စာစစ်ဌာနငါးခု၌ ကျောင်းသား ကျောင်းသူ စုစုပေါင်းစာရင်းရှိ ၁၆၃၂ ဦးအနက် ၁၅၆၈ ဦး ဝင်ရောက်ဖြေဆိုကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ပြည်မြို့နယ်တွင် အထက(၁)၊ အထက(၄)၊ အထက(၅)၊ အထက(ဝက်ထီးကန်)နှင့် အထက(ပေါင်းတလည်) အစရှိသည့် စာစစ်ဌာနငါးခုဖွင့်လှစ်ထားရှိပြီး ယနေ့တွင် ယင်းစာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများ၏ မြန်မာစာဘာသာရပ် စတင်ဖြေဆိုနေမှုကို ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ ပြည်တက္ကသိုလ်ပါမောက္ခချုပ်၊ တိုင်းခွဲပညာရေးမှူး၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



## ပူတာအိုခရိုင်၌ တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ် အေးချမ်းစွာစတင်ဖြေဆို

**ပူတာအို မတ် ၁၇**

ပူတာအိုခရိုင်၌ စာစစ်ဌာနသုံးခုတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-12 တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ကို ယနေ့နံနက်ပိုင်းက ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စတင်ဖြေဆိုသည်။

ပူတာအိုစာစစ်ဌာနတွင်ဖြေဆိုသူ ၅၅၄ ဦး၊ မချမ်းဘောစာစစ်ဌာနတွင် ဖြေဆိုသူ ၅၁ ဦး၊ နောင်မွန်စာစစ်ဌာနတွင် ဖြေဆိုသူ ၄၂ ဦးရှိသဖြင့် ပူတာအိုခရိုင်အတွင်း ဖြေဆိုသူ ၆၄၇ ဦးဖြေဆိုသဖြင့် ဖြေဆိုမှုရာခိုင်နှုန်းမှာ ၉၆ ဒသမ ၂၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အဆိုပါစာမေးပွဲဖြေဆိုရာသို့ ပူတာအိုတပ်နယ်မှူး ဗိုလ်မှူးကြီး



ရဲဟိန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်လွင်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဖုန်ကန်(ပူတာအို)**

## ဥတ္တရသီရိမြို့နယ်၌ မြန်မာစာဘာသာရပ်ကို ကျောင်းသား ကျောင်းသူ ၁၀၉၆ ဦး ဖြေဆို

**ဥတ္တရသီရိ မတ် ၁၇**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဥတ္တရသီရိမြို့နယ်အတွင်းရှိ စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြင့် ယနေ့နံနက် ၉ နာရီတွင် မြန်မာစာဘာသာရပ်ကို စတင်ဖြေဆိုနေကြပြီဖြစ်ရာ စာစစ်ဌာနခြောက်ခုတို့၌ ကျောင်းတွင်းနှင့် အပြင်ဖြေ ၁၀၉၆ ဦးဖြေဆိုကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရာတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးကိစ္စရပ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

# အမေရိကန်က ရာဇဝတ်ဂိုဏ်းဝင်များဟု စွပ်စွဲခံထားရသည့် လူပေါင်း ရာနှင့်ချီ၍ ပြည်နှင်ဒဏ်ပေး

ဝါရှင်တန် မတ် ၁၇

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အစိုးရက တရားရုံးမှ တားမြစ်ထားသောအမိန့်ကို လျစ်လျူရှုပြီး စစ်အတွင်း နိုင်ငံခြားသားရန်သူများ အက်ဥပဒေကိုကျင့်သုံးကာ ရာဇဝတ်ဂိုဏ်းဝင်များဟု စွပ်စွဲခံထားရသည့် လူပေါင်း ရာနှင့်ချီ၍ ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း သိရသည်။**

သမ္မတ ထရမ့်သည် အမေရိကန်တွင်ရှိသော ဗင်နီဇွဲလားဂိုဏ်းအဖွဲ့ဝင်များအား ရည်ညွှန်းကာ အက်ဥပဒေ ကျင့်သုံးရေးနှင့်ပတ်သက်ပြီး ကြေညာချက်တစ်စောင်ကို မတ် ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ထရမ့်အစိုးရက ၎င်းတို့အား နိုင်ငံ့လုံခြုံရေးကို တိုက်ရိုက်ခြိမ်းခြောက်သူများအဖြစ် ပြောသည်။

နိုင်ငံခြားသား ရန်သူများအက်ဥပဒေက စစ်မက်ဖြစ်ပွားချိန်တွင် သာမန်တရားစီရင်ရေးလုပ်ထုံးလုပ်နည်းများ လုပ်ဆောင်ခြင်းမပြုဘဲ ရန်သူနိုင်ငံသားများကို ဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် ပြည်နှင်ဒဏ်ပေးခြင်းတို့တွင် သမ္မတကို လုပ်ဆောင်ခွင့်ပြုထားသည်။ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်နိုင်ငံနှင့် အခြားနိုင်ငံများမှ ရွှေ့ပြောင်းနေထိုင်သူများကို ဖမ်းဆီးထိန်းသိမ်းရာတွင် အဆိုပါ ဥပဒေကို ကျင့်သုံးခဲ့ကြောင်း သိရသည်။

ဝါရှင်တန်ရှိ ဖက်ဒရယ်တရားရုံးတစ်ရုံးက အက်ဥပဒေအရ ပြည်နှင်ဒဏ်ပေးမှုကို ယာယီပိတ်ပင်သည့် အမိန့်တစ်ရပ်ကို မတ် ၁၅ ရက်က ထုတ်ပြန်ခဲ့သည်။ ထို့အပြင် အဆိုပါတရားရုံးက ပြည်နှင်ဒဏ်ပေးခြင်းခံရသည့် ရွှေ့ပြောင်းနေထိုင်သူများတင်ဆောင်သော လေယာဉ်မှန်သမျှ အမေရိကန်သို့ အမြန်ဆုံးပြန်လာစေရေးကိုလည်း အမိန့်ပေးခဲ့သည်။

အမေရိကန်သည် ရာနှင့်ချီသော ဗင်နီဇွဲလားဂိုဏ်းအဖွဲ့ဝင်များကို အကျဉ်းထောင်အသီးသီးတွင် ထိန်းသိမ်းထားရန် သဘောတူထားသည့် အယ်ဆာဗေဒိုနိုင်ငံသို့ စေလွှတ်ခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကို ရူဘီယိုက မတ် ၁၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။



အကျဉ်းထောင်အစောင့်များက အမေရိကန်မှ ပြည်နှင်ဒဏ်ပေးခြင်းခံရသော ဗင်နီဇွဲလားဂိုဏ်းဝင်များကို အယ်ဆာဗေဒိုနိုင်ငံ တီကိုလူကာမြို့ရှိ အကြမ်းဖက်မှုထိန်းသိမ်းရေးစင်တာသို့ မတ် ၁၆ ရက်က လွှဲပြောင်းပေးစဉ်။

အယ်ဆာဗေဒို သမ္မတ နာယိဘ်ဘူကီလီက ဗင်နီဇွဲလား ရာဇဝတ်ဂိုဏ်း အဖွဲ့အစည်း Tren de Aragua မှ အဖွဲ့ဝင် ၂၃၈ ဦး အယ်ဆာဗေဒိုနိုင်ငံသို့ ရောက်ရှိလာကြောင်း လူမှုကွန်ရက်တွင် ရေးသားဖော်ပြထားသည်။

အင်န်အိတ်ချ်ကေ

# ဟူသီအုပ်စုက အမေရိကန်လေယာဉ်တင်သင်္ဘောတစ်စင်းကို ပစ်မှတ်ထားတိုက်ခိုက်

**ဆာနား မတ် ၁၇**

အမေရိကန်တပ်မတော်က ဟူသီပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ပြီးနောက် ဟူသီအုပ်စုက ပင်လယ်နီမြောက်ပိုင်းရှိ အမေရိကန်လေယာဉ်တင်သင်္ဘောတစ်စင်းကို ပစ်မှတ်ထားကာ ဒုတိယအကြိမ်တိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း ယီမင်ရှိ ဟူသီစစ်သွေးကြွများ၏ ပြောရေးဆိုခွင့်ရှိသူက မတ် ၁၇ ရက်တွင် ပြောကြားသည်။

အကယ်၍ အမေရိကန်က လေကြောင်း တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်ပါက ယင်းဒေသအတွင်း အမေရိကန်ရေတပ်နှင့် ကုန်တင်သင်္ဘောများအပါအဝင် သင်္ဘောအားလုံးကိုတိုက်ခိုက်မှုများ တိုးချဲ့လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ဟူသီ၏ ပြောရေးဆိုခွင့်ရှိသူ ယဲ့ယာ ဆာရီက ကတိပြုပြောကြားသည်။

အမေရိကန်က မတ် ၁၇ ရက်တွင် အနောက်ပိုင်း ဟိုဒီဟက်ဒ်ပြည်နယ်၏ တောင်ဘက် ဇက်ဘက်ဒ်ခရိုင်ရှိ ချည်ထည်စက်ရုံ



အမေရိကန်တို့၏တိုက်ခိုက်မှုကြောင့် ယီမင်ရှိ နေအိမ်တစ်လုံး၏ အပျက်အစီးများအကြား သေဆုံးသူများကို မတ် ၁၆ ရက် က ရှာဖွေမှုများ ပြုလုပ်စဉ်။

တစ်ခုနှင့် အယ်ဂျော့ဖ်ပြည်နယ် အရှေ့မြောက်ပိုင်း အုပ်ချုပ်ရေးမှူးရုံးတို့ကို ပစ်မှတ်ထားကာ လေကြောင်း တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း ဟူသီရုပ်သံ အယ်မက်ဆီရာ့တွင် ထုတ်လွှင့်ထားသည်။

အမေရိကန် လေကြောင်း တိုက်ခိုက်မှုကြောင့် ကလေးငါးဦးနှင့် အမျိုးသမီးနှစ်ဦး အပါအဝင် သေဆုံးသူစုစုပေါင်း ၅၃ ဦးအထိ တိုးလာကြောင်းနှင့် ဒဏ်ရာရရှိသူ ၉၈ ဦးရှိကြောင်း ဆာနားရှိ ဟူသီပိုင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ထို့အပြင် အပျက်အစီးများအောက်မှ အခြားပိတ်မိနေသူများကိုလည်း ရှာဖွေရန်အတွက် ကယ်ဆယ်ရေး လုပ်ငန်းများကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။ ဟူသီတို့၏ နိုင်ငံတကာ ကုန်စည်ပို့ဆောင်ရေးလမ်းစဉ်များနှင့် သင်္ဘောများအပေါ် တိုက်ခိုက်မှုများ ရပ်တန့်သည်အထိ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လေကြောင်း တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်ရန် ကတိပြုထားသောကြောင့် မတ် ၁၅ ရက်ညနေပိုင်းမှ စကာ အမေရိကန်က လေကြောင်း တိုက်ခိုက်မှုများ စတင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ဓားစာခံကိစ္စဆွေးနွေးရန် အစ္စရေးနှင့် အီဂျစ်တို့ ကိုင်ရိုမြို့တွင် တွေ့ဆုံ

**ဂျေရုစလင် မတ် ၁၇**

ဓားစာခံကိစ္စဆွေးနွေးရန် အစ္စရေး ညှိနှိုင်းဆွေးနွေးသူများသည် မတ် ၁၆ ရက်က အီဂျစ်တာဝန်ရှိသူများနှင့် ကိုင်ရိုမြို့၌ တွေ့ဆုံခဲ့ကြောင်း ဝန်ကြီးချုပ် ဘင်ဂျမင်




နေတန်ယာဟုရုံးက ထုတ်ပြန်လိုက်သည်။

ဝန်ကြီးချုပ် နေတန်ယာဟု၏ ညွှန်ကြားချက်အရ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့၏ ကိုယ်စားလှယ်များသည် ဓားစာခံကိစ္စဆွေးနွေးရန် အီဂျစ်တွင် အဆင့်မြင့်အီဂျစ်အရာရှိများနှင့် တွေ့ဆုံလျက်ရှိကြောင်း ကြေညာချက်တွင် ထုတ်ပြန်ဖော်ပြထားသည်။ ပစ်ခတ်ရပ်စဲရေး နောက်တစ်ဆင့်ဆွေးနွေးမှုတွင် အစ္စရေး နှင့်ဟားမားစ်တို့ကြား သဘောထားကွဲလွဲမှု နက်ရှိုင်းလာချိန်တွင် ယခုလို တွေ့ဆုံဆွေးနွေးမှုဖြစ်ပေါ်လာခြင်းဖြစ်သည်။

ပစ်ခတ်ရပ်စဲရေးပထမအဆင့် ဆွေးနွေးမှုသည် ဇန်နဝါရီ ၁၉ ရက်က စတင်ခဲ့ပြီး မတ် ၁ ရက်တွင် ပြီးဆုံးခဲ့သော်လည်း အစ္စရေးက နောက်တစ်ဆင့်ကို ဆက်လက်အကောင်အထည်ဖော်ရန် မီးစိမ်းမပြခဲ့ပေ။ နှစ်ဖက်အဖွဲ့များသည် နောက်တစ်ဆင့်ဆွေးနွေးပွဲအတွက် သတ်မှတ်ပြဋ္ဌာန်းချက်အသစ်များနှင့်ပတ်သက်ပြီး သဘောတူရန် အခက်တွေ့နေကြောင်း သိရသည်။ ပထမအဆင့် သဘောတူညီချက်အတွင်း ဓားစာခံ ၃၃ ဦးကို ဂါဇာမှ လွှတ်ပေးခဲ့သည်။ အစ္စရေးအကျဉ်းထောင်များတွင်ဖမ်းဆီးထားသော ပါလက်စတိုင်း အကျဉ်းသားနှင့် ထိန်းသိမ်းခံထားရသူ ၂၀၀၀ ခန့်ကိုလည်း လွှတ်ပေးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့မှ အာဖဂန်ဒုက္ခသည် ၉၆ ဦး နေရပ်သို့ပြန်လာ

**ကဘူးလ် မတ် ၁၇**

မတ် ၁၆ ရက်တစ်ရက်တည်းတွင် အာဖဂန်ဒုက္ခသည်မိသားစု စုစုပေါင်း ၉၆ ဦး မိမိတို့ နေရပ်ဒေသသို့ ပြန်လာခဲ့ကြောင်း နိုင်ငံပိုင် ဘက်ခ်ထာသတင်းအေဂျင်စီက မတ် ၁၇ ရက်တွင် ပြောကြားသည်။

အဆိုပါ ရွှေ့ပြောင်းနေထိုင်သူများသည် အိမ်နီးချင်းအီရန်နှင့် ပါကစ္စတန်နိုင်ငံတို့မှ အာဖဂန်နိုင်ငံသို့ ပြန်လာခဲ့ကြောင်း၊ နေရပ်ပြန်လာသူအားလုံးမှာ နယ်စပ်ဖြတ်ကျော်နေရာတွင် အစိုးရအဖွဲ့အစည်းများထံမှ လိုအပ်သည့်အကူအညီများရရှိခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက ပြောကြားခဲ့သည်။ ပြီးခဲ့သည့် သီတင်းပတ်ကလည်း အာဖဂန်ဒုက္ခသည် မိသားစု ၁၂၀ ခန့် ၎င်းတို့နေရပ်သို့ ပြန်လာခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်အတွင်း ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ အာဖဂန်ဒုက္ခသည် ၁ ဒသမ ၂ သန်းကျော်မှာ ၎င်းတို့၏ နေရပ်သို့ပြန်လာခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ဂျပန်နိုင်ငံတစ်ဝန်း လေပြင်းများတိုက်ခတ်ပြီး ဆီးနှင်းများ ထူထပ်စွာကျဆင်းမည်

**တိုကျို မတ် ၁၇**

အင်အားကောင်းလာသည့် လေဖိအားနည်းရပ်ဝန်းတစ်ခုကြောင့် ဂျပန်နိုင်ငံတစ်ဝန်း လေပြင်းများတိုက်ခတ်လာပြီး ဟော့ကိုင်းဒိုး၏ ပစိဖိတ်သမုဒ္ဒရာဘက်ခြမ်းတစ်လျှောက်တွင် လေပြင်းမုန်တိုင်းနှင့် ဆီးနှင်းကျဆင်းမှုများဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသတာဝန်ရှိသူများက ပြောသည်။

ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ၊ လေပြင်းတိုက်ခတ်မှုနှင့် လှိုင်းကြီးမှုများကို သတိပြုကြရန် ဂျပန်မိုးလေဝသဌာနက သတိပေးခဲ့သည်။

ဖြစ်ပေါ်လျက်ရှိသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်အင်အားကောင်းလျက်ရှိပြီး ဂျပန်နိုင်ငံမြောက်ပိုင်းနှင့် ပစိဖိတ်ဒေသတစ်လျှောက်တွင် နှင်းများကျဆင်းပြီး လေပြင်းများ တိုက်ခတ်မည်ဟု ဂျပန်မိုးလေဝသဌာနက ခန့်မှန်းထားသည်။

အမြင့်ဆုံးလေတိုက်နှုန်းသည် ဟော့ကိုင်းဒိုးတွင် တစ်နာရီလျှင် ကီလိုမီတာ ၉၀ ခန့်ရှိပြီး တိုဟိုကူဒေသတွင် တစ်နာရီလျှင် ၇၂ ကီလိုမီတာခန့်ရှိမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

လျှပ်တစ်ပြက်တိုက်ခတ်လာနိုင်သည့် လေတိုက်နှုန်းအမြင့်ဆုံးမှာ ဟော့ကိုင်းဒိုးတွင် တစ်နာရီလျှင် ၁၂၆ ကီလိုမီတာနှင့် တိုဟိုကူဒေသတွင် တစ်နာရီလျှင် ၁၀၈ ကီလိုမီတာအထိ ရှိနိုင်သည်။

အင်အားပြင်းထန်သည့် လေထုအေးများကြောင့် ဂျပန်နိုင်ငံမြောက်ပိုင်းတွင် ဆီးနှင်းများသည်းထန်စွာကျဆင်းလာမည်ဟု မျှော်လင့်ရသည်။

အင်န်အိတ်ချ်ကေ

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်များ၌ကျင်းပ

**နေပြည်တော် မတ် ၁၇**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၁) တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည်သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်းများသို့ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၁) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၁)မှ သင်တန်းသားများအားတွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့များတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၁)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-



တိုင်းမှူးက ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ် (၁၁)မှ သင်တန်းသားတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေနှင့်ပစ္စည်းများ ပေးအပ်စဉ်။

"မတက်ခင်ကတော့ မလုပ်ဖူးတဲ့အရာကို လုပ်ရမယ်ဆိုတော့ စိတ်ထဲလှုပ်ရှားပါတယ်။ ဒါပေမယ့် ဒီရောက်တော့လည်း တစ်ခုချင်းစီလိုက်နာကျင့်သုံးရင်းနဲ့ပဲ ဒီလိုပဲ သင်ရင်းနဲ့အဆင်ပြေနေပါတယ်။ ကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေနဲ့ ဆက်ပြီးလုပ်ဆောင်နေတဲ့အတွက်ကြောင့် ကောင်းမွန်တဲ့ ရည်ရွယ်ချက်နဲ့ပဲ ဆက်ပြီးတော့ ရောက်ရှိတဲ့ နေရာဒေသမှာ ကောင်းမွန်တဲ့ အရာတွေကို ဆက်ပြီး လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အကုန်လုံးက အပတ်စဉ်တစ်ခုနဲ့ တစ်ခုသာမတူတာ။ ဒါပေမယ့် အကုန်လုံးက ဒီရည်ရွယ်ချက်တစ်ခုတည်းနဲ့ပဲ သွားနေတဲ့သူတွေမို့လို့ ကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေ တွေးပြီးတော့ ကိုယ့်အတွက်နဲ့ သူများကို ဒုက္ခမပေးပါစေနဲ့လို့ ကျွန်တော်ပြောချင်ပါတယ်။"



တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၁)သင်တန်းဖွင့်ပွဲများ ပြုလုပ်စဉ်။

" ယောကျ်ားတိုင်းကတော့ တတ်သင့်တတ်ထိုက်တဲ့ ပညာရပ်ကိုတော့ တတ်ရမှာဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ဟိုးတုန်းက မြန်မာမင်းတွေကလည်း အဋ္ဌာရသ (၁၈)ရပ်ကို သူတို့သင်ခဲ့ရတာပဲ။ အခုလည်း ကျွန်တော်တို့ ဒီမှာသင်ကြားပေးမယ့် ကိုယ်စီ (၁၈)ပုဒ်ဆိုတဲ့ ဆရာတွေပြောတဲ့ဟာကို ကျွန်တော်တို့က အဋ္ဌာရသ (၁၈) ရပ်ပုံစံမျိုးနဲ့ သင်ကြားသွားမှာ ဖြစ်ပါတယ်။ အခုမှ ဒီပြည်သူ့စစ်မှုထမ်း ဥပဒေရပ်ရှိခဲ့တာမဟုတ်ပါဘူး။ ဟိုးမြန်မာဘုရင်ခေတ်တွေမှာ ကတည်းက ရှိခဲ့တာပါ။ ထောင်ပြုမြို့၊ ရာပြုမြို့၊ ဆယ်ပြုမြို့တွေမှာ သူတို့က တစ်မြို့ကို တစ်ထောင်ပေးရမယ်။ ရာပြုမြို့ဆိုရင် တစ်ရာပေးရမယ်။ ဆယ်ပြုမြို့ဆိုရင် တစ်ဆယ်ပေးရမယ်ဆိုတဲ့ ဟိုးမြန်မာဘုရင်အဆက်ဆက်ကတည်းက ဒါတွေရှိခဲ့တာမို့လို့ လုပ်ဆောင်ရမယ်လို့ ထင်ပါတယ်။"

"ကျွန်တော့်ရဲ့ စိတ်သဘောဆန္ဒအရလည်း ပါတဲ့အတွက်ကြောင့်မို့လို့ ဒီသင်တန်းကို တက်ခဲ့တာပါ။ တက်တဲ့အခါမှာ ဘယ်လို ကျေးဇူးတွေရမလဲဆိုတော့ ဒီသင်တန်းကနေ စတက်လို့ရှိရင် နေထိုင်မှု၊ စားသောက်မှုပြီးတော့ လူမှုဆက်ဆံရေးတွေ ပြောဆိုမှုတွေရမယ်။ ဒီသင်တန်းကနေပြီးတော့ ကျွန်တော်ရည်မှန်းထားတာပေါ့။ တတ်မြောက်မယ်လို့လည်း ကျွန်တော်ထင်တယ်။ ကျွန်တော့်ရဲ့ ပြည်သူတွေကို ဘယ်လိုမျိုး ကာကွယ်ရမလဲ၊ ဘယ်လိုမျိုး စောင့်ရှောက်ရမလဲပြီးတော့ နောက်ဆုံး ကျွန်တော့်သင်တန်းသား အချင်းချင်းတောင်မှ ဘယ်လိုမျိုးကာကွယ်ပေးရမလဲ၊ လဲနေရင်တောင်မှ ဘယ်လိုပြန်ထူပေးရမလဲ ဆိုတာကအစ တွေးမိပါတယ်။"

**သတင်းစဉ်**















## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# ဆိုရှယ်မီဒီယာပေါ်က ဆိုက်ဘာနှောင့်ယှက်မှုကို တုံ့ပြန်ဖို့ဆိုရာဝယ်

ဣန္ဒြေ(MOFA)

ဒီကနေ့ခေတ်မှာ အရွယ်သုံးပါး၊ ကျား၊ မ မရွေး သုံးစွဲနေကြတဲ့ ဆိုရှယ်မီဒီယာဆိုတာ ၁၉၉၀ ပြည့်နှစ်နှောင်းပိုင်းနဲ့ ၂၀၀၀ ပြည့်နှစ်အစောပိုင်းကာလတွေဖြစ်တဲ့ ၁၉၉၇ ခုနှစ်တုန်းက Six Degrees၊ ၂၀၀၂ ခုနှစ်ရောက်တော့ Friendster ဆိုတဲ့ ပလက်ဖောင်းတွေနဲ့ စတင်ခဲ့တာပါ။ ၂၀၀၃ ခုနှစ်မှာ MySpace နဲ့ LinkedIn၊ ၂၀၀၆ ခုနှစ်မှာ Facebook စတာတွေ ပေါ်ပေါက်လာရာက လူအချင်းချင်း ဆက်သွယ်နိုင်သလို သတင်းအချက်အလက်လည်း မျှဝေနိုင်တဲ့ ပလက်ဖောင်းသဖွယ် ဖြစ်လာခဲ့ပါတယ်။

**ဆိုရှယ်မီဒီယာတွေကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာမှု**

အဲဒီနောက် ၂၀၀၆ ခုနှစ်မှာပဲ Twitter၊ ၂၀၁၀ ပြည့်နှစ်မှာ Instagram၊ ၂၀၁၁ ခုနှစ်မှာ Snapchat နဲ့ ၂၀၁၆ ခုနှစ်မှာ TikTok တို့ပေါ်ပေါက်လာပြီး ဗီဒီယိုအတိုလေးတွေ မျှဝေမှုများပြားလာခဲ့ပါတယ်။ ၂၀၂၃ ခုနှစ် စစ်တမ်းများအရ ကမ္ဘာတစ်ဝန်းရှိ လူဦးရေသန်းပေါင်း ၄၉၀၀ ကျော်ဟာ ဆိုရှယ်မီဒီယာကို အသုံးပြုနေကြပြီး Facebook နဲ့ YouTube ကတော့ လူကြိုက်အများဆုံး ပလက်ဖောင်းတွေဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ်ရောက်လာတော့ သုံးစွဲသူဦးရေဟာ ငါးဘီလီယံကျော်အထိ ဆက်လက်တိုးပွားလာခဲ့ပါတယ်။ လူအများစုဟာ ဆိုရှယ်မီဒီယာတွေပေါ်မှာ တစ်နေ့ ပျမ်းမျှ နှစ်နာရီ ၂၀-၂၁ မိနစ်ခန့် အသုံးပြုနေကြပြီး Facebook၊ YouTube၊ Instagram နဲ့ WhatsApp စတာတွေအပြင် အထူးသဖြင့် လူငယ်တွေအကြားမှာ TikTok အသုံးပြုမှုက ပိုမိုတိုးတက်မြင့်မားလာပါတယ်။ ဆိုရှယ်မီဒီယာဟာ ပြည်သူ့ဆက်ဆံရေးနယ်ပယ်ကို အပြောင်းအလဲဖြစ်လာစေခဲ့ပါတယ်။ လူတစ်ဦးချင်းအတွက်သာမက အဖွဲ့အစည်းတွေနဲ့ အများသူငါအကြား ဆက်သွယ်ရာမှာ Facebook၊ Twitter/X၊ Instagram နဲ့ LinkedIn လို ပလက်ဖောင်းတွေဟာ ပြည်သူ့ဆက်ဆံရေးနယ်ပယ်ရှိ ပညာရှင်တွေနဲ့ပါ ဆက်သွယ်နိုင်ဖို့အတွက် အခွင့်အရေးပေးစွမ်းလာနိုင်သလို သုံးစွဲသူတွေကြားမှာလည်း ပိုပြီးထိတွေ့ဆက်ဆံနိုင်စေခဲ့ပါတယ်။

အဲဒီလို ကောင်းမွန်တဲ့နည်းလမ်းမျိုးနဲ့ အသုံးပြုမှုတွေရှိသလိုပဲ ဆိုရှယ်မီဒီယာ၊ အီးမေးလ်နဲ့ မက်ဆေ့ချ်ပေးပို့တဲ့ အက်ပလီကေးရှင်းတွေ ဒါမှမဟုတ် အွန်လိုင်းဖိုရမ်တွေကနေ ဒစ်ဂျစ်တယ်ဆက်သွယ်ရေးကိရိယာကိုအသုံးပြုပြီး တစ်ဦးတစ်ယောက် သို့မဟုတ် အုပ်စုတစ်ခုကို ရည်ရွယ်ချက်ရှိရှိ ခြိမ်းခြောက်တာ၊ ခြောက်လှန့်တာ၊ ရှက်ရွံ့စေတာ၊ နှောင့်ယှက်တာမျိုးတွေ ပြုလုပ်တဲ့ ဆိုက်ဘာနှောင့်ယှက်မှုလည်း တိုးတက်များပြားလာပါတယ်။

**ဆိုက်ဘာနှောင့်ယှက်မှုပုံစံများ**

ဆိုရှယ်မီဒီယာနဲ့ ဆိုက်ဘာနှောင့်ယှက်မှုအကြား ဆက်နွှယ်မှုကရှုပ်ထွေးပြီး အဲဒီပလက်ဖောင်းတွေဟာ ကမ္ဘာလုံးဆိုင်ရာချိတ်ဆက်မှုကို ဖြစ်စေပေမယ့်လည်း ဥပဒေကိုချိုးဖောက်ချင်သူအတွက် သားကောင်တွေကို ပစ်မှတ်ထားဖို့ လက်နက်ကိရိယာတစ်ခုလည်းဖြစ်လာပါတယ်။ ဆိုက်ဘာနှောင့်ယှက်မှု ပုံစံတွေကတော့-

| စဉ် | ပုံစံ | အဓိပ္ပာယ်ဖွင့်ချက် | ဥပမာ |
|---|---|---|---|
| ၁ | အင်တာနက်အနိုင်ကျင့်ခြင်း (Cyberbullying) | လူမှုကွန်ရက် သို့မဟုတ် ဒစ်ဂျစ်တယ် ပလက်ဖောင်းများ အသုံးပြု၍ တစ်စုံတစ်ဦးအား အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း | တစ်စုံတစ်ဦးအကြောင်း အရှက်ရစေသော မက်ဆေ့ချ်များ သို့မဟုတ် မှတ်ချက်များကို အွန်လိုင်းတွင် တင်ခြင်း |
| ၂ | ကိုယ်ရေး ကိုယ်တာ အချက်အလက် ထုတ်ဖော်ခြင်း (Doxxing) | တစ်စုံတစ်ဦး၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ခွင့်ပြုချက်မရှိဘဲ ထုတ်ဖော်ခြင်း | တစ်စုံတစ်ဦး၏ နေအိမ်လိပ်စာ သို့မဟုတ် ဖုန်းနံပါတ်ကို အွန်လိုင်းတွင် မျှဝေခြင်း |
| ၃ | အမုန်းစကားများ (Hate Speech) | လူမျိုး၊ ဘာသာ၊ ကျား၊ မ စသည်တို့ အပေါ်အခြေခံ၍ မုန်းတီးမှုကို လှုံ့ဆော်သောစကားလုံးများ အသုံးပြုခြင်း | လူနည်းစုအုပ်စုများကို ပစ်မှတ်ထားသော ခွဲခြားဆက်ဆံသည့် မှတ်ချက်များတင်ခြင်း |
| ၄ | လိမ်လည်အတုအယောင် ပြုလုပ်ခြင်း (Impersonation) | တစ်စုံတစ်ဦး၏ ဂုဏ်သတင်းကို လှည့်စားရန် သို့မဟုတ် ထိခိုက်စေရန်အတွက် အခြားသူတစ်ဦးအဖြစ် ဟန်ဆောင်ခြင်း | အန္တရာယ်ဖြစ်စေသော အကြောင်းအရာများဖြန့်ဝေရန် တစ်စုံတစ်ဦး၏အမည်ဖြင့် အကောင့်အတုတစ်ခု ဖန်တီးခြင်း |
| ၅ | အွန်လိုင်းမှ ခြောက်လှန့် လိုက်လံခြင်း (Cyberstalking) | တစ်စုံတစ်ဦးအား အွန်လိုင်းတွင် စဉ်ဆက်မပြတ် စောင့်ကြည့်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း | တစ်စုံတစ်ဦးအား ခြိမ်းခြောက်ရန် ထပ်တလဲလဲ မက်ဆေ့ချ်များ သို့မဟုတ် အီးမေးလ်များ ပေးပို့ခြင်း |
| ၆ | သတင်းမှားဖြန့်ဝေခြင်း (Disinformation) | လှည့်စားရန် သို့မဟုတ် ဂုဏ်သတင်းကို ပျက်စီးစေရန်အတွက် မှားယွင်းသော သတင်းအချက်အလက်များ ဖြန့်ဝေခြင်း | အများပြည်သူဆိုင်ရာ ပုဂ္ဂိုလ်တစ်ဦး၏ ဂုဏ်သတင်းကို ညှိုးနွမ်းစေရန်အတွက် သတင်းအတုများ မျှဝေခြင်း |
| ၇ | ဆိုက်ဘာအကြမ်းဖက်မှု (Cyberterrorism) | နိုင်ငံရေး သို့မဟုတ် စီးပွားရေး ရည်ရွယ်ချက်များအတွက် ဆိုက်ဘာတိုက်ခိုက်မှုများ အသုံးပြုခြင်း | အထိခိုက်မခံသော အချက်အလက်များကို ခိုးယူရန် အစိုးရဝက်ဘ်ဆိုက်များကို ဟက်ခ်ခြင်း |

**ဆိုရှယ်မီဒီယာမှာ ဆိုက်ဘာနှောင့်ယှက်မှု အခန်းကဏ္ဍကြီးထွားလာခြင်း**

ဆိုရှယ်မီဒီယာပလက်ဖောင်းတွေကို အသုံးပြုမှု အားကောင်းလာတာကြောင့် လူအများအပြားဟာ အွန်လိုင်းမှာ အချိန်ဖြုန်းလာကြပါတယ်။ လူမှုရေး၊ စီးပွားရေး၊ ပညာရေး စတဲ့နယ်ပယ်အသီးသီးမှ လူတွေဟာ ဆိုရှယ်မီဒီယာကို အသုံးပြုလာကြပါတယ်။ အသုံးပြုသူတွေ များပြားလာတာကြောင့် ဆိုက်ဘာနှောင့်ယှက်သူတွေအတွက် ပစ်မှတ်တွေ ပိုမိုရရှိလာပါတယ်။ အဲဒီလို အသုံးပြုသူ တိုးပွားလာတာရယ်၊ နည်းပညာတိုးတက်မှုရယ်ကြောင့် ဆိုက်ဘာနှောင့်ယှက်မှုတွေကလည်း သိသိသာသာ ကြီးထွားလာပါတယ်။ အင်တာနက်အသုံးပြုသူ တိုးပွားလာတာနဲ့အမျှ အချက်အလက်တွေ လွယ်ကူစွာ ရယူနိုင်လာပြီး ဆိုက်ဘာရာဇဝတ်မှုတွေလည်း ပိုမိုများပြားလာပါတယ်။

နည်းပညာတိုးတက်လာတာကြောင့် ဆိုက်ဘာနှောင့်ယှက်သူတွေဟာ ပိုမိုခေတ်မီတဲ့ နည်းလမ်းတွေနဲ့ တိုက်ခိုက်နိုင်လာပါတယ်။ အချက်အလက် ခိုးယူတာ၊ ဗိုင်းရပ်စ်ဖြန့်ဝေတာ၊ အယောင်ပြ အကောင့်တွေနဲ့ လှည့်ဖြားတာ စတဲ့နည်းလမ်းတွေက ပိုမိုဆန်းပြားလာပါတယ်။ AI ဉာဏ်ရည်တုနည်းပညာတွေနဲ့ သတင်းမှားဖြန့်ဝေတာကလည်း အန္တရာယ်တစ်ခုဖြစ်လာပါတယ်။ အဲဒါကြောင့် အသုံးပြုသူတွေရဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို ကာကွယ်နိုင်ဖို့ ခက်ခဲလာသလိုပဲ ဆိုက်ဘာနှောင့်ယှက်မှုတွေကို ထိရောက်စွာတားဆီးနိုင်ဖို့ဆိုတာကလည်း ပိုပြီးခက်ခဲလာပါတယ်။

**ဆိုက်ဘာနှောင့်ယှက်မှု အများဆုံးခံစားရသူများ**

ဆိုက်ဘာနှောင့်ယှက်မှုကို အများဆုံး ခံစားရသူတွေကတော့-

| စဉ် | အုပ်စု | ဆိုက်ဘာနှောင့်ယှက်မှု အမျိုးအစား | ရာခိုင်နှုန်း (ခန့်မှန်း) | သက်ရောက်မှု |
|---|---|---|---|---|
| ၁ | အမျိုးသမီးများ | လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု၊ အင်တာနက် အနိုင်ကျင့်ခြင်း၊ အွန်လိုင်းမှခြောက်လှန့်လိုက်လံခြင်း | ၁၆-၅၈% (ကမ္ဘာ)<br>၆၀% (အာရပ်) | စိတ်ပိုင်းဆိုင်ရာပင်ပန်းဆင်းရဲမှု၊ စိုးရိမ်ပူပန်မှု၊ လူမှုရေးအထီးကျန်ခြင်း၊ ဂုဏ်သတင်းပျက်စီးခြင်း |
| ၂ | လူနည်းစုများ | လူမျိုးရေးဆိုင်ရာ အမုန်းစကားများ၊ ခွဲခြားဆက်ဆံမှု | ၃၅% | စိတ်ဓာတ်ကျခြင်း၊ အထီးကျန်မှု၊ လူမှုရေးဖိနှိပ်မှု၊ ယုံကြည်မှုဆုံးရှုံးခြင်း |
| ၃ | LGBTQ+ လူတစ်ဦးချင်းစီ | အမုန်းစကားများ၊ အင်တာနက် အနိုင်ကျင့်ခြင်း | ၃၀% | စိတ်ဖိစီးမှု၊ စိတ်ဒဏ်ရာ၊ လူမှုရေးဖိအားများ၊ လုံခြုံရေးခြိမ်းခြောက်မှုများ |
| ၄ | နိုင်ငံရေးသမားများ | သတင်းမှား ဖြန့်ဝေခြင်း၊ လိမ်လည် အတုအယောင် ပြုလုပ်ခြင်း | ၂၅% | ဂုဏ်သတင်းပျက်စီးမှု၊ ယုံကြည်မှုဆုံးရှုံးခြင်း၊ နိုင်ငံရေးတင်းမာမှု၊ လုပ်ငန်းဆောင်ရွက်မှု ထိခိုက်ခြင်း |
| ၅ | သံတမန်များ | အွန်လိုင်းမှခြောက်လှန့်လိုက်လံခြင်း၊ Doxxing၊ ဆိုက်ဘာအကြမ်းဖက်မှု | ၂၀% | လုံခြုံရေး ခြိမ်းခြောက်ခံရမှု၊ စိတ်ဖိစီးမှု၊ သံတမန်ဆက်ဆံရေး ထိခိုက်မှု |
| ၆ | နာမည်ကြီး ပုဂ္ဂိုလ်များ | အင်တာနက် အနိုင်ကျင့်ခြင်း၊ Doxxing၊ သတင်းမှား ဖြန့်ဝေခြင်း | ၂၈% | ဂုဏ်သတင်းပျက်စီးမှု၊ စိတ်ပိုင်းဆိုင်ရာဖိအားများ၊ ကိုယ်ရေးကိုယ်တာ လုံခြုံရေးထိခိုက်မှု |

**ဆိုက်ဘာနှောင့်ယှက်မှုကြောင့် စိတ်ပိုင်းဆိုင်ရာနဲ့ လူမှုရေးပိုင်းဆိုင်ရာ သက်ရောက်မှုများ**

ဆိုက်ဘာနှောင့်ယှက်မှုဟာ ယနေ့ကာလဖြစ်တဲ့ ဒစ်ဂျစ်တယ်ခေတ်မှာ လူတစ်ဦးချင်းစီနဲ့ လူ့အဖွဲ့အစည်းအပေါ် စိတ်ပိုင်းဆိုင်ရာနဲ့ လူမှုရေးပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုတွေ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်စေနိုင်ပါတယ်။ လုပ်ငန်းခွင်မှာလည်း အဆင်မပြေမှုတွေ ပေါ်ပေါက်လာပြီး လူမှုဆက်ဆံရေးကိုလည်း အောက်ပါအတိုင်းထိခိုက်စေနိုင်ပါတယ်-

(က) **စိတ်ကျန်းမာရေးရဲ့အကျိုးဆက်များ။** ဆိုက်ဘာနှောင့်ယှက်မှုများသည် စိုးရိမ်ပူပန်ခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိတ်ဖိစီးခြင်းနှင့် စိတ်ဒဏ်ရာရခြင်းကဲ့သို့သော စိတ်ပိုင်းဆိုင်ရာ ပြဿနာတွေ ဖြစ်ပေါ်စေပြီး လူမှုဆက်ဆံရေးကိုလည်း ထိခိုက်စေနိုင်ပါတယ်။ ဥပမာအားဖြင့် လူမှုမီဒီယာပေါ်မှာ အင်တာနက်အနိုင်ကျင့်ခံရခြင်း၊ ကိုယ်ရေးကိုယ်တာအချက်အလက် ထုတ်ဖော်ခံရခြင်း၊ လူနည်းစုတွေဖြစ်တဲ့ LGBTQ+ လူတစ်ဦးချင်းစီဟာ လိင်ပိုင်းဆိုင်ရာအမုန်းစကားတွေကို ပြောဆိုခံရမယ်ဆိုရင် စိတ်ဓာတ်ကျလာပြီး မိမိကိုယ်ကို ယုံကြည်လေးစားမှု ကျဆင်းခြင်းတို့ ဖြစ်လာနိုင်ပါတယ်။ ဒ့ါအပြင် နိုင်ငံရေးသမားတွေ၊ သံတမန်တွေနဲ့ လူသိထင်ရှားတဲ့ ပုဂ္ဂိုလ်တစ်ဦးဟာ အင်တာနက်အနိုင်ကျင့်ခံရခြင်းနဲ့ ကြုံတွေ့ရမယ်ဆိုရင် စိတ်ပိုင်းဆိုင်ရာဆိုးကျိုးတွေ ပိုမိုခံစားရနိုင်ပါတယ်။

(ခ) **လူမှုရေးပိုင်းဆိုင်ရာ ထိခိုက်မှုများ။** ဆိုက်ဘာနှောင့်ယှက်မှုကြောင့် ဒစ်ဂျစ်တယ်ကမ္ဘာမှာ လူမှုဆက်ဆံရေးကို သိသိသာသာထိခိုက်နိုင်စေပြီး မိသားစု၊ သူငယ်ချင်းတွေရဲ့အကြား ဆက်ဆံရေးတွေကိုလည်း တင်းမာစေနိုင်ပါတယ်။ ဒါကြောင့် တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုဆုံးရှုံးခြင်း၊ အထီးကျန်ခြင်းနဲ့ လူမှုရေးဖိအားတွေကို ဖြစ်ပေါ်စေနိုင်ပါတယ်။ ဒီနှောင့်ယှက်မှုတွေဟာ လူတစ်ဦးချင်းစီရဲ့ ပညာရပ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်၊ လေ့လာဆည်းပူးမှုနဲ့ လူမှုရေးကိစ္စရပ်တွေမှာ ပါဝင်ဖို့ခက်ခဲခြင်းတို့ကိုလည်း ဖြစ်ပေါ်စေနိုင်ပါတယ်။ ယခုအခါ ဆိုက်ဘာနှောင့်ယှက်မှုတွေဟာ ဆိုရှယ်မီဒီယာနဲ့ ဒစ်ဂျစ်တယ်ပလက်ဖောင်းတွေပေါ်မှာ ပိုမိုလျင်မြန်စွာပျံ့နှံ့နိုင်တာကြောင့် ပိုပြီးထိခိုက်လွယ်လာပါတယ်။ ဒီပြဿနာတွေဟာ လူမှုဆက်ဆံရေးကို ပိုမိုထိခိုက်စေပြီး ခံစားရသူတွေရဲ့ ရေရှည်ဘဝတက်လမ်းကိုလည်း ထိခိုက်စေနိုင်ပါတယ်။

(ဂ) **နိုင်ငံတကာဆက်ဆံရေးအပေါ် အကျိုးသက်ရောက်မှုများ။** ဆိုက်ဘာနှောင့်ယှက်မှုတွေဟာ နိုင်ငံရေးနဲ့ စီးပွားရေးအကြောင်းအရာတွေနဲ့ ဆက်နွှယ်နေပြီး နိုင်ငံတကာဆက်ဆံရေး၊ ဒီမိုကရေစီရေးလုပ်ငန်းစဉ်တွေနဲ့ စီးပွားရေးလုံခြုံရေးကို ထိခိုက်စေနိုင်တဲ့ ခြိမ်းခြောက်မှုတွေဖြစ်လာခဲ့ပါတယ်။ နိုင်ငံရေးဆိုင်ရာ ဆိုက်ဘာနှောင့်ယှက်မှုတွေထဲမှာ သတင်းမှားဖြန့်ဝေခြင်း (Disinformation)၊ လိမ်လည်အတုအယောင်ပြုလုပ်ခြင်း (Impersonation) နဲ့ ရွေးကောက်ပွဲဝင်ရောက်စွက်ဖက်မှု (Election Interference) တို့ ပါဝင်ပါတယ်။ ဥပမာအားဖြင့် ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ရုရှားဟက်ကာတွေက ဒီမိုကရက်တစ်ပါတီရဲ့ဒေတာကို Hack လုပ်ပြီး Wiki-Leaks မှတစ်ဆင့် ထုတ်ဖော်ခဲ့ပါတယ်။

*စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆ မှ

ဒီလုပ်ဆောင်ချက်က ရွေးကောက်ပွဲမှာ ဝင်ရောက်စွက်ဖက်ဖို့ ရည်ရွယ်ခဲ့တာဖြစ်ပြီး အမေရိကန်နဲ့ ရုရှား နှစ်နိုင်ငံအကြား တင်းမာမှုတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ နိုင်ငံတကာမှ အရာရှိကြီးတွေကို ပစ်မှတ်ထားတာ ဒါမှမဟုတ် ရွေးကောက်ပွဲတွေကို လွှမ်းမိုးခြယ်လှယ်ဖို့အသုံးချတာ စတဲ့ ဆိုက်ဘာနှောင့်ယှက်မှုတွေကြောင့် နိုင်ငံရေးပဋိပက္ခတွေကို မြင့်တက်လာစေပြီး သံတမန်ဆက်ဆံရေးကိုပါ ထိခိုက်လာနိုင်ပါတယ်။ ဒ့ါအပြင် နိုင်ငံတစ်နိုင်ငံရဲ့ မူဝါဒတွေ၊ ဒါမှမဟုတ် ခေါင်းဆောင်တွေရဲ့ မှားယွင်းတဲ့သတင်းတွေ ပျံ့နှံ့စေတာမျိုးလို သတင်းအမှားတွေ ဖြန့်ဝေတာဟာ နိုင်ငံတကာ မျက်နှာစာမှာ မိမိနိုင်ငံရဲ့ဂုဏ်သတင်းကို ထိခိုက်စေပြီး နိုင်ငံအပေါ် ယုံကြည်မှုကိုပါ ပျက်စီးစေနိုင်ပါတယ်။ ဒါနဲ့ပတ်သက်လို့ Sony Pictures Hack ဖြစ်ရပ်ကို တင်ပြလိုက်ရပါတယ်-

(၁) ၂၀၁၄ ခုနှစ်မှာ အမေရိကန်က မြောက်ကိုရီးယားရဲ့လက်ချက်လို့ စွပ်စွဲထားတဲ့ "Guardians of Peace" (GOP) အမည်တပ် ဟက်ကာအဖွဲ့တစ်ဖွဲ့ရဲ့ Sony Pictures Entertainment (SPE) ကို ဆိုက်ဘာတိုက်ခိုက်ခဲ့မှုဟာ နိုင်ငံတကာဆက်ဆံရေးအပေါ် နက်ရှိုင်းစွာသက်ရောက်မှုရှိခဲ့ပါတယ်။ မြောက်ကိုရီးယားနိုင်ငံ အကြီးအကဲ ကင်ဂျုံအန်ကို လုပ်ကြံသတ်ဖြတ်ပုံဖော်ထားတဲ့ ဟာသရုပ်ရှင် "The Interview" ကြောင့် ဖြစ်ပွားခဲ့တာဖြစ်ပြီး Shamoon Wiper Malware ကို အသုံးပြုထားတဲ့ ဟက်ကာတွေက Sony ရဲ့စနစ်အတွင်းကို ထိုးဖောက်ဝင်ရောက်ပြီး ကိုယ်ရေးကိုယ်တာ အီးမေးလ်တွေနဲ့ မထုတ်ပြန်ရသေးတဲ့ ရုပ်ရှင်တွေ အပါအဝင် အရေးကြီးတဲ့အချက်အလက်တွေကို ခိုးယူထုတ်ဖော်ခဲ့ကာ ရုပ်ရှင်ရုံတွေကို အကြမ်းဖက်မယ်လို့ ခြိမ်းခြောက်ခဲ့တာကြောင့် ရုပ်ရှင်ပြသမှုကို ပယ်ဖျက်ခဲ့ရပါတယ်။ ဒီဖြစ်ရပ်ကြောင့် အမေရိကန်နဲ့ မြောက်ကိုရီးယား နှစ်နိုင်ငံအကြား တင်းမာမှုတွေ မြင့်တက်စေခဲ့ပြီး အမေရိကန်က ပိတ်ဆို့အရေးယူမှု ချမှတ်ကာ တိုက်ခိုက်မှုကို "ဆိုက်ဘာအကြမ်းဖက်မှု" လို့ သတ်မှတ်ခဲ့ပါတယ်။ Sony အနေနဲ့ သိသာထင်ရှားတဲ့ ငွေကြေးဆုံးရှုံးမှုနဲ့ ဂုဏ်သိက္ခာထိခိုက်မှုတွေ ခံစားခဲ့ရပါတယ်။ ဒီဖြစ်ရပ်က အရေးကြီးတဲ့အခြေခံအဆောက်အအုံတွေ၊ အားနည်းချက်ရှိနေတဲ့ အရာတွေနဲ့ ယဉ်ကျေးမှုဆိုင်ရာ ထုတ်ကုန်တွေဟာ ပထဝီနိုင်ငံရေးပဋိပက္ခတွေကို ဘယ်လို မီးမွှေးပေးနိုင်တယ်ဆိုတာကို ပြသခဲ့ပါတယ်။

(၂) Sony Pictures Hack ဖြစ်ရပ်ဟာ ဆိုက်ဘာနှောင့်ယှက်မှုရဲ့ နိုင်ငံတကာ ဆက်ဆံရေးအပေါ် သက်ရောက်မှုကို နားလည်ဖို့နဲ့ ကာကွယ်ဖို့ အရေးကြီးတယ်ဆိုတဲ့ ဥပမာတစ်ခု ဖြစ်လာခဲ့ပါတယ်။ ဒီဖြစ်ရပ်မှ ဆိုက်ဘာနှောင့်ယှက်မှုရဲ့ ရှုပ်ထွေးမှုနဲ့စပ်လျဉ်းပြီး အောက်ပါသင်ခန်းစာတွေကို ဖော်ထုတ်နိုင်ပါတယ်-

(ကက) ဆိုက်ဘာတိုက်ခိုက်မှုဟာ ပုဂ္ဂလိကကဏ္ဍသာမက နိုင်ငံရေးနဲ့ သံတမန်ရေးရာ အကျပ်အတည်းတွေ ဖြစ်ပေါ်စေနိုင်တယ်။

(ခခ) နိုင်ငံတွေရဲ့ ဆိုက်ဘာလုံခြုံရေး ပိုမိုအားကောင်းစေဖို့လိုအပ်ပြီး နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံတွေကို မြှင့်တင်ဖို့နဲ့ AI ကဲ့သို့သော အဆင့်မြင့်နည်းပညာတွေကို အသုံးပြုဖို့ လိုအပ်တယ်။

(ဂဂ) ဆိုက်ဘာနှောင့်ယှက်မှုတွေကို ကိုင်တွယ်ဖြေရှင်းဖို့ နိုင်ငံတကာဥပဒေမူဘောင်တွေ ချမှတ်ဖို့လိုအပ်ပြီး နိုင်ငံတွေအကြား ဆိုက်ဘာသံခင်းတမန်ခင်း (Cyber Diplomacy) ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖို့လိုအပ်တယ်။

(ဃဃ) ပုဂ္ဂလိကကဏ္ဍနဲ့ အစိုးရအကြား ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖို့လိုအပ်တယ်ဆိုတာတွေပဲ ဖြစ်ပါတယ်။

**ဆိုက်ဘာနှောင့်ယှက်မှုကို တားဆီးကာကွယ်ရန်နှင့် တုံ့ပြန်ရန် အကြံပြုချက်များ**

ဆိုက်ဘာနှောင့်ယှက်မှုတွေကို တားဆီးကာကွယ်ဖို့အတွက်လိုအပ်တဲ့ ဥပဒေမူဘောင်တွေကို အစိုးရဘက်က ချမှတ်ပေးဖို့နဲ့ ကာကွယ်ရေးနည်းပညာတွေကိုလည်း အရေးကြီးတဲ့ကဏ္ဍအဖြစ် သတ်မှတ်ပြီး အောက်ပါအချက်တွေကို မြှင့်တင်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်-

(က) **ဥပဒေမူဘောင်များ ပိုမိုအားကောင်းလာစေရေး။** ဆိုက်ဘာနှောင့်ယှက်မှုတွေကို ကာကွယ်ရေးအတွက် ဥပဒေမူဘောင်တွေ အားကောင်းစေဖို့ နိုင်ငံတကာဥပဒေတွေနဲ့ နိုင်ငံအလိုက် စည်းမျဉ်းစည်းကမ်းတွေ ခိုင်မာစေရပါမယ်။ ပြစ်မှုကျူးလွန်သူတွေကိုလည်း ထိရောက်စွာ အရေးယူဖို့ လိုအပ်ပါတယ်။ ဆိုက်ဘာနှောင့်ယှက်မှုပုံစံတွေကို ဥပဒေအရ ရှင်းလင်းစွာ ဖွင့်ဆိုပြီး ပြစ်မှုအဖြစ် သတ်မှတ်ရပါမယ်။ အဲဒီအတွက် Budapest Convention on Cybercrime (၂၀၀၁) လို နိုင်ငံတကာ စာချုပ်တွေကို ကိုးကားရပါမယ်။ EU ရဲ့ General Data Protection Regulation (GDPR) (၂၀၁၈) ကဲ့သို့ ကိုယ်ရေးကိုယ်တာ ဒေတာလုံခြုံရေးကို မြှင့်တင်ရပါမယ်။ ပြစ်မှုကျူးလွန်သူတွေကို ပြင်းထန်တဲ့ ဒဏ်ငွေတွေ ချမှတ်တာနဲ့ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်တာတို့ကို ပြုလုပ်ရပါမယ်။ သံတမန်နဲ့ အစိုးရတာဝန်ရှိသူတွေအတွက် ဆိုက်ဘာလုံခြုံရေး အကြံပြုချက်တွေကတော့ လုံခြုံတဲ့ဆက်သွယ်ရေးကိရိယာတွေအသုံးပြုဖို့၊ လုံခြုံရေးဆက်တင်တွေ အသုံးပြုဖို့၊ AI နဲ့ Machine Learning ကိုအသုံးပြုပြီး ခြိမ်းခြောက်မှုတွေကို စောင့်ကြည့်ဖို့နဲ့ လုံခြုံရေး နည်းလမ်းတွေကို သင်ကြားပို့ချပေးဖို့ စတာတွေပဲ ဖြစ်ပါတယ်။

(ခ) **ကာကွယ်ခြင်းတွင် နည်းပညာ၏ အရေးကြီးသော အခန်းကဏ္ဍ။** နည်းပညာဟာ ဆိုက်ဘာနှောင့်ယှက်မှုတွေကို ကာကွယ်ရာမှာ အရေးပါတဲ့အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါတယ်။ AI ကို အသုံးပြုပြီး ဆိုက်ဘာနှောင့်ယှက်မှုတွေကို ကာကွယ်တားဆီးနိုင်မှုအတွက် အသေးစိတ်ဖော်ပြချက်တွေကတော့-

| စဉ် | AI နည်းလမ်း | အသုံးပြုမှု | အားသာချက် | အားနည်းချက် | လက်တွေ့ ဥပမာ |
|---|---|---|---|---|---|
| ၁ | စက်သင်ယူမှု (Machine Learning) | ဒေတာများကိုခွဲခြမ်းစိတ်ဖြာ၍ ဆိုက်ဘာခြိမ်းခြောက်မှု များကို ခန့်မှန်းခြင်း၊ ပုံစံများကို ဖော်ထုတ်ခြင်း | အချိန်နှင့် တစ်ပြေးညီ ခြိမ်းခြောက်မှုများကို ဖော်ထုတ်နိုင်ခြင်း၊ ကြီးမားသောဒေတာ များကို လျင်မြန်စွာ စီမံခန့်ခွဲနိုင်ခြင်း | လေ့ကျင့်ရန် အရည်အသွေးမြင့် ဒေတာလိုအပ်ခြင်း၊ မှားယွင်းသော ခန့်မှန်းမှုများ ဖြစ်ပေါ်နိုင်ခြင်း | ဆိုက်ဘာ တိုက်ခိုက်မှု များကို ဖြေရှင်းရန် ML ကို အသုံးချခြင်း |
| ၂ | အပြုအမူဆိုင်ရာ ခွဲခြမ်းစိတ်ဖြာခြင်း (Behavioral Analytics) | အသုံးပြုသူ၏ ပုံမှန်အပြုအမူ များကို စောင့်ကြည့်၍ ပုံမှန်မဟုတ်သော လုပ်ဆောင်မှု များကို ဖော်ထုတ်ခြင်း | အဖွဲ့အစည်းအတွင်းက ခြိမ်းခြောက်မှုများကို ဖော်ထုတ်နိုင်ခြင်း၊ လူမသိမီ ခြိမ်းခြောက်မှုများကို သိရှိနိုင်ခြင်း | မှန်ကန်သောအပြုအမူပုံစံများ သတ်မှတ်ရန် အချိန်ယူရခြင်း၊ မှားယွင်းသော သတိပေးချက်များ ဖြစ်ပေါ်နိုင်ခြင်း | ဝန်ထမ်းတစ်ဦး၏ ပုံမှန်မဟုတ်သော ဒေတာအသုံးပြုမှု ကိုဖော်ထုတ်ခြင်း |
| ၃ | အန္တရာယ်ကို ကြိုတင်ဖော်ထုတ်ခြင်း (Threat Detection) | AIကို အသုံးပြု၍ ဆိုက်ဘာနှောင့်ယှက် မှုများ၊ ဗိုင်းရပ်စ် များ သို့မဟုတ် မလိုလားအပ်သောလုပ်ဆောင်မှုများကို ဖော်ထုတ်ခြင်း | လျင်မြန်သောတုံ့ပြန်မှု ပေးနိုင်ခြင်း၊ လူသားထက် ပိုမိုတိကျမှုရှိခြင်း | အဆင့်မြင့် တိုက်ခိုက်မှုများကို မဖော်ထုတ်နိုင်ခြင်း၊ စနစ်ထိန်းသိမ်းမှု ကုန်ကျစရိတ်များခြင်း | အီးမေးလ် များမှ တစ်ဆင့် Phishing တိုက်ခိုက်မှု များကို ဖော်ထုတ်ခြင်း |
| ၄ | အလိုအလျောက် တုံ့ပြန်မှု (Automated Response) | ခြိမ်းခြောက်မှုများကို ဖော်ထုတ်ပြီးနောက် AI ဖြင့် အလိုအလျောက် တုံ့ပြန်ဆောင်ရွက် ခြင်း (ဥပမာ -အကောင့်ပိတ်ခြင်း) | လူသား ဝင်ရောက်စွက်ဖက်မှုမလိုအပ်ခြင်း၊ လျင်မြန်စွာထိန်းချုပ်နိုင်ခြင်း | မှားယွင်းသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခြင်း၊ ရှုပ်ထွေးသောတိုက်ခိုက်မှု များကို ကိုင်တွယ်ရန် ခက်ခဲခြင်း | ပုံမှန် မဟုတ်သော အကောင့်အသုံးပြုမှု ကိုဖော်ထုတ် ၍ ပိတ်ပင်ခြင်း |
| ၅ | ဒေတာကာကွယ်ခြင်း (Data Protection) | Encryption နှင့် AI ကိုအသုံးပြု၍ဒေတာများကို လုံခြုံစွာကာကွယ်ခြင်း၊ ခွင့်ပြုချက် မရှိသော ဝင်ရောက် မှုကို တားဆီးခြင်း | ဒေတာလုံခြုံရေးကို မြှင့်တင် ပေးခြင်း၊ ကိုယ်ရေးကိုယ်တာအချက်အလက်များကို ကာကွယ်နိုင်ခြင်း | စနစ် ထည့်သွင်းရန် ကုန်ကျစရိတ်များခြင်း၊ နည်းပညာကျွမ်းကျင်မှု လိုအပ်ခြင်း | ဘဏ်လုပ်ငန်းများတွင် ငွေကြေး ဒေတာများကို ကာကွယ်ခြင်း |
| ၆ | အန္တရာယ် စီမံခန့်ခွဲမှု (Risk Manage-ment) | AI ကို အသုံးပြု၍ ဆိုက်ဘာ အန္တရာယ်များကို အကဲဖြတ်ခြင်း၊ ကာကွယ်ရန် အစီအမံများ ချမှတ်ခြင်း | အန္တရာယ် များကို ကြိုတင် ကာကွယ်နိုင်ခြင်း၊ အဖွဲ့အစည်း၏ လုံခြုံရေးကို မြှင့်တင်နိုင်ခြင်း | အဆင့်မြင့် အန္တရာယ်များကို အကဲဖြတ်ရန် ခက်ခဲခြင်း၊ အချိန်ကြာရှည် စောင့်ကြည့်ရန် လိုအပ်ခြင်း | ကုမ္ပဏီတစ်ခု၏ IT စနစ်တွင် အန္တရာယ်များ ကို အကဲဖြတ်၍ ကာကွယ်ခြင်း |

(ဂ) **ပညာပေးအစီအစဉ်များ။** ပညာပေးအစီအစဉ်တွေက ဆိုက်ဘာနှောင့်ယှက်မှုတွေကို ကာကွယ်ရာမှာ နောက်ထပ်အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ အွန်လိုင်းပေါ်မှ အနှောင့်အယှက်ပေးမှုရဲ့ နောက်ဆက်တွဲဆိုးကျိုးကို သိရှိစေတာမျိုးနဲ့ ဒစ်ဂျစ်တယ်နည်းပညာ အကျွမ်းတဝင်ရှိမှုကို မြှင့်တင်ပေးတာမျိုးက လူတစ်ဦးချင်းစီအတွက် ဆိုရှယ်မီဒီယာကိုသတိရှိရှိ အသုံးပြုတတ်စေဖို့ စွမ်းဆောင်ပေးနိုင်ပါတယ်။ ကျောင်း၊ တက္ကသိုလ်နဲ့ လူမှုအဖွဲ့အစည်းတွေမှာ နည်းပညာကို ကျင့်ဝတ်နဲ့အညီ အသုံးပြုနည်း၊ အနှောင့်အယှက်ပေးမှုတွေကို မိမိကိုယ်ကို ကာကွယ်နည်းတွေ သင်ကြားပေးတဲ့ အစီအစဉ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါတယ်။ ဒ့ါအပြင် မိမိတို့ပတ်ဝန်းကျင်မှာ ဆိုက်ဘာနှောင့်ယှက်မှုတွေ ကြုံတွေ့ရတဲ့အခါမျိုးမှာ နစ်နာသူဘက်က ထောက်ခံပြောဆိုပြီး အားပေးစကား ပြောကြားပေးသင့်ပါတယ်။

(ဃ) **သံတမန်ရေးရာ ကြိုးပမ်းမှုများ။** ဆိုက်ဘာနှောင့်ယှက်မှုတွေကိုဖြေရှင်းရာမှာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနဲ့ သံတမန်ရေးကြိုးပမ်းမှုတွေက အရေးကြီးပါတယ်။ အစိုးရနဲ့ အဖွဲ့အစည်းတွေဟာ ကမ္ဘာလုံးဆိုင်ရာ စံနှုန်းတွေနဲ့ ပရိုတိုကောတွေ ချမှတ်ဖို့၊ အကောင်းဆုံးလုပ်ဆောင်မှုတွေနဲ့ နည်းပညာဆိုင်ရာ တီထွင်ကြံဆမှုတွေကို မျှဝေဖို့ ပူးပေါင်းဆောင်ရွက်ရပါမယ်။ နိုင်ငံတကာစာချုပ်တွေနဲ့ သဘောတူညီချက်တွေ ဖန်တီးတာမျိုးနဲ့ ဆိုက်ဘာနှောင့်ယှက်မှုတွေကို ကမ္ဘာတစ်ဝန်းမှာ ပြင်းထန်တဲ့ပြစ်မှုအဖြစ် သတ်မှတ်ပြီး နယ်စပ်ဖြတ်ကျော် စုံစမ်းစစ်ဆေးမှုနဲ့ တရားစွဲဆိုမှုမှာ ပူးပေါင်းဆောင်ရွက်မှုကို အားပေးရပါမယ်။ စည်းလုံးညီညွတ်တဲ့ ကြိုးပမ်းမှုတွေနဲ့သာ ကမ္ဘာ့အသိုင်းအဝိုင်းဟာ ဆိုက်ဘာနှောင့်ယှက်မှုတွေကို ပိုမိုထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။

အကျဉ်းချုပ်ဖော်ပြရရင် ဆိုက်ဘာနှောင့်ယှက်မှုတွေကို ကာကွယ်နိုင်ဖို့အတွက် ဥပဒေရေးရာ၊ နည်းပညာ၊ ပညာရေးနဲ့ သံတမန်ရေးရာမဟာဗျူဟာတွေကို ပေါင်းစပ်ထားတဲ့ ဘက်စုံချဉ်းကပ်မှုမျိုး လိုအပ်ပါတယ်။ ဥပဒေရေးရာကိစ္စရပ်တွေအပေါ် အားဖြည့်တာက တာဝန်ယူမှုကို သေချာစေပြီး နည်းပညာကတော့ စောင့်ကြည့်ရေးနဲ့ ကာကွယ်ရေးအတွက် ပံ့ပိုးပေးပါတယ်။ ပညာရေးဆိုင်ရာ အစီအစဉ်တွေက တာဝန်ယူမှုရှိတဲ့ အွန်လိုင်းအပြုအမူကို မြှင့်တင်ပေးပြီး နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုက စည်းလုံးညီညွတ်သော ကမ္ဘာလုံးဆိုင်ရာ တုံ့ပြန်မှုကို အားပေးပါတယ်။ ဒီအချက်တွေဟာ ဆိုက်ဘာနှောင့်ယှက်မှုတွေကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့သာမက လူတိုင်းအတွက် ပိုမိုလုံခြုံစိတ်ချရတဲ့ ဒစ်ဂျစ်တယ်ကမ္ဘာတစ်ခုကို ဖန်တီးနိုင်ဖို့အတွက်ပါ ပြည့်စုံတဲ့မူဘောင်လည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာဆိုရင်လည်း ဆိုရှယ်မီဒီယာဟာ အရေးပါတဲ့သတင်းအချက်အလက်မျှဝေရာ နေရာတစ်ခုဖြစ်လာသလို ဆိုက်ဘာနှောင့်ယှက်မှုတွေက စိတ်ပိုင်းဆိုင်ရာထိခိုက်မှုသာမက လူမှုရေးနဲ့ နိုင်ငံရေးဆိုင်ရာ ပြဿနာတွေကိုလည်း ဖြစ်ပေါ်စေပါတယ်။ အင်တာနက်အသုံးပြုသူတွေ တိုးပွားလာတာနဲ့အမျှ လူငယ်တွေဟာ ဆိုက်ဘာနှောင့်ယှက်မှုရဲ့ ပစ်မှတ်ဖြစ်လာကြပြီး သူတို့ရဲ့ စိတ်ကျန်းမာရေးကို ထိခိုက်စေပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နည်းပညာတိုးတက်မှုနဲ့ လူမှုကောင်းကျိုးကို ဟန်ချက်ညီအောင် ထိန်းညှိဖို့ လိုအပ်ပြီး ဆိုက်ဘာနှောင့်ယှက်မှုတွေကို ထိရောက်တဲ့ ဖြေရှင်းနည်းတွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ဆိုက်ဘာနှောင့်ယှက်မှုဟာ နိုင်ငံတော်ရဲ့ လူမှုစည်းလုံးညီညွတ်မှု၊ ပြည်သူတွေရဲ့ စိတ်ကျန်းမာရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးမှာ လိုအပ်လျက်ရှိနေတဲ့ လူ့စွမ်းအားအရင်းအမြစ်အပေါ် ထိခိုက်စေတဲ့အကြောင်းရင်းတစ်ခု ဖြစ်တာကြောင့် အချိန်မီ ကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်လာမှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

## ပင်းတယမြို့၌ အလယ်တန်းအဆင့် နွေရာသီအခြေခံအင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်



**ပင်းတယ မတ် ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံး (ပင်းတယ) လူထုအခြေပြု ဗဟိုဌာနခန်းမ၌ မတ် ၁၇ ရက်က အခြေခံအင်္ဂလိပ်စာသင်တန်းကို စတင်ဖွင့်လှစ်သင်ကြားပေးသည်။

အဆိုပါ သင်တန်းကို ကျောင်းသား ကျောင်းသူများအား နွေရာသီကျောင်းပိတ်ရက်တွင် အသိပညာ၊ အတတ်ပညာများ ပိုမိုရရှိလာစေရန်နှင့် ယခုလိုသင်တန်းတွင် ပို့ချပေးလိုက်သည့် သင်ခန်းစာများကို လက်တွေ့အကောင်အထည်ဖော် အသုံးချတတ်ကြစေရန် ရည်ရွယ်ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံး(ပင်းတယ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြူကြူလှိုင်ထံမှ သိရပြီး ယင်းသင်တန်းကို မတ် ၁၇ ရက်မှ ဧပြီ ၁၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်းတွင် သင်တန်းသူ သင်တန်းသား စုစုပေါင်း ၃၃ ဦး တက်ရောက်သင်ကြားနေကြောင်း သိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**

## နတ်မောက်မြို့၌ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်သင်ကြား

**နတ်မောက် မတ် ၁၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ လူထုအခြေပြုဗဟိုဌာနခန်းမတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ မတ် ၁၆ ရက်က လူငယ် လူရွယ်များအား ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။



"အနာဂတ်ရဲ့ မျိုးဆက်သစ်လူငယ်တွေ အမျိုးကိုချစ်တတ်စေဖို့၊ ဘာသာ သာသနာကို ပိုမိုယုံကြည် တတ်စေဖို့အတွက် အခုလို သင်တန်းဖွင့်လှစ်သင်ကြားပေးတာ ဖြစ်ပါတယ်" ဟု နည်းပြဆရာမ ဒေါ်စောမြင့်ဝေက ပြောသည်။

အဆိုပါ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်ကြားခြင်းဖြင့် စိတ်ထားနူးညံ့သည့် လူငယ်လူရွယ်များကို ပိုမိုယဉ်ကျေးလိမ္မာလာစေရန်၊ ရတနာသုံးပါးကို ရိုသေကိုင်းရှိုင်းရန်၊ အနန္တောအနန္တငါးပါး၏ ဂုဏ်ကျေးဇူးကို သိတတ်စေရန်၊ မိဘ၊ ဆရာသမားများအပေါ် ကျေးဇူးသိတတ်စေရန်၊ပေါင်းသင်းဆက်ဆံတတ်စေရန်၊ သန့်ရှင်းသပ်ရပ်စွာ နေထိုင်တတ်စေရန် ရည်ရွယ်၍ သင်ကြားပေးခြင်းဖြစ်ပြီး ယဉ်ကျေးလိမ္မာစေရေး လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်၊ ဩကာသကန်တော့ကျိုး၊ ငါးပါးသီလတောင်းခံပုံနှင့် လူငယ်လူရွယ်များ သိသင့်သိထိုက်သည့် အခြေခံဗုဒ္ဓတရားတော်များအကြောင်းကို သင်ကြားပေးလျက်ရှိသည်။ **မှူမှူစန်း**

## သာကေတမြို့နယ်၌ အခြေခံအင်္ဂလိပ်စာ(Grammar) သင်တန်းဖွင့်လှစ်



**ရန်ကုန် မတ် ၁၇**

ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက် ကာလအတွင်း ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတ တိုးပွားများစေရန် ရည်ရွယ်၍ အခြေခံအင်္ဂလိပ်စာ (Grammar) အခမဲ့သင်တန်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ပြန်ကြားရေး ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ မတ် ၁၇ ရက် က ဖွင့်လှစ်သည်။

ဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ပြည့်ဖြိုးဝေက အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာ ဦးမြစိန် အလယ်တန်းကျောင်းအုပ်(ငြိမ်း) က မုဒိတာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ် ပြန်ကြားရေး ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆောင်းနှင်းဖြူက သင်တန်းဖွင့်လှစ်ရခြင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ သာကေတမြို့နယ် အတွင်းရှိ အခြေခံပညာအလယ်တန်းအဆင့်ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၅၀ တက်ရောက်သင်ယူခဲ့ကြပြီး သင်တန်းကို မတ် ၁၇ ရက်မှ ၂၆ ရက်အထိ နံနက် ၁၀ နာရီမှ နေ့လယ် ၁၂ နာရီအထိ ၉ ရက်တာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သဲထက်ဇင်(ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ်၌ အခြေခံအင်္ဂလိပ်စာနှင့် ပန်းချီရေးဆွဲနည်းသင်တန်းများ အခမဲ့ဖွင့်လှစ်

**မိတ္ထီလာ မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ နွေရာသီအားလပ်ရက်များတွင် ကျောင်းသား ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေး အင်္ဂလိပ်စာနှင့် ပန်းချီရေးဆွဲနည်းသင်တန်းများကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အင်္ဂလိပ်စာနှင့် ပန်းချီရေးဆွဲနည်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အခြေခံပညာမူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်များမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါသင်တန်းကို မတ် ၁၇ ရက်မှ ဧပြီ ၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။



ထို့အပြင် လူငယ်ဖွံ့ဖြိုးရေးသင်တန်းများဖြစ်သည့် မြန်မာ့ရိုးရာသိုင်းသင်တန်း၊ မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းသင်တန်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းပြီး မတ် ၁ ရက်မှစတင်၍ အခမဲ့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



## မိုင်းခတ်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ပန်းကြယ်သီးထိုးနည်း သင်တန်းဖွင့်

**မိုင်းခတ် မတ် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်တွင် ပန်းကြယ်သီးထိုးနည်းသင်တန်းကို ယနေ့နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဖွင့်လှစ်သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းနွယ်နီအောင်က အမျိုးသမီးများအတွက် အိမ်တွင်းမှုအတတ်ပညာတတ်မြောက်စေရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး သင်တန်းနည်းပြ ဒေါ်မြင့်မြင့်စန်းက ပန်းကြယ်သီးထိုးနည်းအတွက် လိုအပ်သည့်ပစ္စည်းများ ရှင်းလင်းပြောကြားကာ ပန်းကြယ်သီးထိုးနည်းကို အခြေခံအဆင့်ဖြစ်သော ပန်းပွင့်ပုံထိုးနည်းကို သင်ကြားပြသသည်။**(အပေါ်ပုံ)**

အဆိုပါ ပန်းကြယ်သီးထိုးနည်းသင်တန်းကို မတ် ၁၇ ရက်မှ ၁၈ ရက်အထိ ပန်းကြယ်သီးထိုးနည်းအဆင့်ဆင့်ကို လက်တွေ့သင်ကြားသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသူ ၁၈ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကို အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




## ညောင်ရွှေမြို့ လူထုအခြေပြုဗဟိုဌာန၌ နွေရာသီ အခြေခံပန်းချီသင်တန်းဖွင့်

**ညောင်ရွှေ မတ် ၁၇**

ကျောင်းသားလူငယ်လေးများ နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ပန်းချီအနုပညာကို ရင်းနှီးကျွမ်းဝင်မှုရှိစေရန်နှင့် အနုပညာဖန်တီးနိုင်စွမ်း မြင့်မားလာစေရန်အတွက် နွေရာသီအခြေခံ ပန်းချီသင်တန်းဖွင့်ပွဲကို မတ် ၁၇ ရက် နံနက်(၉)နာရီက ညောင်ရွှေမြို့ ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။**(အပေါ်ပုံ)**

အခမ်းအနားအတွင် ညောင်ရွှေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနေမျိုးသူရိန်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာ ဦးအောင်စိုးရ(အောင်သာပြု) က သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်းနှင့် အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူစုစုပေါင်း ၇၃ ဦး တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**




**မိုင်းယောင်းမြို့နယ်တွင် နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုကို မတ် ၁၇ ရက်က ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးစဉ်။** မြို့နယ်(ပြန်/ဆက်)

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒုတိယနှစ်ဝက် အတန်းတင်စာမေးပွဲများ စတင်ကျင်းပ

ရန်ကုန် မတ် ၁၇

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒီပလိုမာ (ဗုဒ္ဓဓမ္မ) သင်တန်းမှ မဟာဝိဇ္ဇာတန်းအထိ ဒုတိယနှစ်ဝက် အတန်းတင် စာမေးပွဲများကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် တက္ကသိုလ်ရှိ စာသင်ခန်းမအသီးသီး၌ စတင်ကျင်းပသည်။



အတန်းတင်စာမေးပွဲများတွင် ပြည်တွင်း ပြည်ပမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ် စုစုပေါင်း ၂၅၅ ပါး/ဦးတို့ ဝင်ရောက်ဖြေဆိုလျက်ရှိကြပြီး စာမေးပွဲဖြေဆိုနေမှုများကို ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ ဆေကိန္ဒနှင့် သင်ကြားဆရာတော်ကြီးများ၊ ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# “ Red Lacewing ”လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား ရောင်းချပေးသွားမည်

နေပြည်တော် မတ် ၁၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက** မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင် **သဘောထားမှတ်ချက်ပြုထားသည့်“ Red Lacewing ”လိပ်ပြာပုံ** (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား **၂၀၂၅ ခုနှစ် မတ် ၁၉ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှ**စတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး / ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။




အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၅ ခုနှစ် မတ် ၁၉ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ သမဝါယမအသင်းများသို့ ကြက်သွန်နီများ ဖြန့်ဖြူးရောင်းချ

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး အတွင်း သမဝါယမ ကုန်သွယ်မှုကဏ္ဍနှင့် သမဝါယမ အရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ စဉ်ဆက်မပြတ်လုပ်ငန်းများ လည်ပတ်နိုင်စေရန် စားသုံးသူ အသင်းသားများနှင့် ပြည်သူများသို့ အခြေခံစားကုန်များ ဈေးနှုန်းသက်သာစွာဖြန့်ဖြူးရောင်းချနိုင်စေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ပေါင်းစပ်ညှိနှိုင်းချက်အရ ၂၀၂၅ ခုနှစ် မတ်လအတွင်း မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် ချိတ်ဆက်၍ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူ



ဒေသမှထွက်ရှိသော ကြက်သွန်နီ ပိဿာ ၂၁၀၀၀ ကို မတ် ၁၇ ရက်က ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ သမဝါယမအသင်းများနှင့် အများပြည်သူများသို့ ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။ **အာကာလင်း**

# မီးလောင်မှုဖြစ်ပွားခဲ့သော ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာရှိ သမဝါယမအသင်းသားပြည်သူများအား ထောက်ပံ့ငွေများပေးအပ်



မကွေး မတ် ၁၇

မကွေးတိုင်းဒေသကြီး အတွင်းရှိ မီးလောင်မှုဖြစ်ပွားခဲ့သော ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာရှိ မီးဘေးသင့်အသင်းသား ပြည်သူများအား တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံခဲ့သည်။ အဆိုပါကျေးရွာရှိ တက်သစ်စစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းနှင့် သုခပြည့်စုံမွေးမြူရေးနှင့် အထွေထွေ သမဝါယမအသင်းများမှ မီးဘေးသင့်အသင်းသားပြည်သူများအား အားပေးစကားပြောကြားခဲ့ပြီး အသင်းသားများ၏ လိုအပ်ချက်များကို မေးမြန်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး သမဝါယမ ဦးစီးမှူးသည် မီးလောင်ရာတွင် အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့သည့် ဌာနဝန်ထမ်းများနှင့် အသင်းသားပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၁၇

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“သံဃာတော်တွေကို တစ်ပြန်တစ်လှည့် သတ်ဖြတ်လာတဲ့ အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် မတ် ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“တားဆီးနှောင့်ယှက်မှုများကြားမှ ပွင့်လန်းလာတဲ့ ပန်းကလေးများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

(၁၇-၃-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၉-၃-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၆-၃-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄၅၅၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

# ၁၇ - ၃ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၄၈၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ



ကျောက်ဆည်မြို့နယ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများ၌ ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးစောလွင်အေးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများနှင့်ပူးပေါင်းကာ စာစစ်စင်တာနှင့် ကျောင်းပတ်ဝန်းကျင်မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မတ် ၁၆ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ ၂၂၁

# ကျောက်ဆည်မြို့နယ်၌ နေကြာ(ဆောင်း)ရိတ်သိမ်းမှုနှင့် ဈေးကွက်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံ တစ်မျိုးဖြစ်သည့် နေကြာသီးနှံကို စိုက်ပျိုးကြကြောင်း၊ ခရိုင်အတွင်း နေကြာ (ဆောင်း) သီးနှံ စိုက်ပျိုးမှုအနေဖြင့် ကျောက်ဆည်မြို့နယ်၌ ၁၀၂၇၄ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၁၂၁၃၈ ဧက၊ မြစ်သားမြို့နယ်၌ ၅၆၂၇ ဧက စုစုပေါင်း ၂၈၀၃၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ကျောက်ဆည်မြို့နယ်၌ ၄၈၇၆ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ဧက ၄၀၂၀၊ မြစ်သားမြို့နယ်၌ ၃၃၇၅ ဧက စုစုပေါင်း ၁၂၂၇၁ ဧက ရိတ်သိမ်းပြီး ဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

နေကြာ(ဆောင်း) သီးနှံကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် စိုက်ပျိုး၍ ဖေဖော်ဝါရီလနှင့် မတ်လတွင် ရိတ်သိမ်းကြရာ ယခုအချိန်တွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ နေကြာသီးနှံကို သီးသန့်စိုက်ပျိုးမှုနှင့် သီးညှပ်စိုက်ပျိုးမှုဟူ၍ရှိပြီး သီးသန့်စိုက်ပျိုးမှုကိုသာ အများဆုံး စိုက်ပျိုးကြကြောင်း၊ ဆင်းရွှေကြာ-၁ မျိုးများကို ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် သုံးသိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ၂၀-၂၅ တင်းခန့် ထွက်ရှိပြီး ဈေးကွက်အနေဖြင့် တောင်သူများမှ ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်း၊ ပွဲရုံများမှတစ်ဆင့် မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း၊ နေကြာသီးနှံသည် သက်တမ်းတိုမျိုးဖြစ်ပြီး ကုန်ကျစရိတ်သက်သာ၍ မိသားစုအတွက် စားသုံးဆီဖူလုံကာ အကျိုးအမြတ်ရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။



DOCA(မန္တလေး)

# မအူပင်မြို့နယ်၌ ရုံးပတီသီးနှံစိုက်ပျိုးမှုမှ အကျိုးအမြတ်ရရှိ

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးရလွယ်ကူသော ရုံးပတီသီးနှံကို မိသားစုအပိုဝင်ငွေရရှိရန်အတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရာမှ စီးပွားဖြစ် စိုက်ပျိုးလာကြသည်။

ရုံးပတီသီးနှံသည် ရာသီမရွေး စိုက်ပျိုးနိုင်၍ စိုက်ပျိုးပြီး နှစ်လခန့်အကြာတွင် စတင်ခူးဆွတ်ရကြောင်း၊ ပင်ပုမျိုး၊ ပင်လတ်မျိုး၊ ပင်မြင့်မျိုးများရှိပြီး ပင်လတ်ရုံးပတီမျိုးများကို အများဆုံး စိုက်ပျိုးလျက်ရှိရာ တစ်ကေလျှင် မျိုးစေ့ ၁၂ ထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် တန်းခြား သုံးပေ၊ ပင်ခြား တစ်ပေ-တစ်ပေခွဲ ထား၍ ဘောင်ခတ်စနစ်ဖြင့် စိုက်ပျိုးရပြီး မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခ အပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် ၈၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ရုံးပတီသီးနှံကို သုံးရက်ခြား တစ်ကြိမ်နှုန်းဖြင့် သက်တမ်း နှစ်လခန့်အထိ ခူးဆွတ်နိုင်ပြီး တစ်ကေလျှင် ပိဿာချိန် ၃၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများမှတစ်ဆင့် ဒေသတွင်းရောင်းချမှုအပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြကြောင်း၊ ရုံးပတီသီးနှံသည် စိုက်ပျိုးရလွယ်ကူပြီး ရာသီမရွေး စိုက်ပျိုးနိုင်သည့်အတွက် တောင်သူများအနေဖြင့် အကျိုးအမြတ်များရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (ဧရာဝတီ)

# ကျောက်ဆည်မြို့နယ်၌ စိုက်ပျိုးသော ပဲစင်းငုံသီးနှံများ ရိတ်သိမ်းပြီးစီး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ငရုတ်၊ နေကြာ စသည့်သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပဲစင်းငုံသီးနှံကိုလည်း စီးပွားဖြစ် စိုက်ပျိုးကြကြောင်း၊ ကျောက်ဆည်မြို့နယ်၌ ပဲစင်းငုံကို ၁၄၈၃ ဧက စိုက်ပျိုးခဲ့ပြီး ယခုအချိန်တွင် သီးနှံအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲစင်းငုံသီးနှံကို ဇွန်လနှင့် ဇူလိုင်လများတွင် စတင်စိုက်ပျိုးကြပြီး ယခုအချိန်တွင် သီးနှံအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ အများဆုံးစိုက်ပျိုးကြသည့် မျိုးအနေဖြင့် ကြေးနီရောင်တဘက်လဲ့မျိုး၊ ရွှေဝါရောင်လုံးသေးဒင်္ဂါးမျိုးများဖြစ်ပြီး ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် သုံးသိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ၁၀-၁၁ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများမှ ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် မန္တလေးနှင့် ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကာ အကျိုးအမြတ်များ ရရှိကြောင်း ပဲစင်းငုံသီးနှံစိုက်ပျိုးသည့် တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။



DOCA(မန္တလေး)

# ကုလားပဲ(ဆောင်း)သီးနှံများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ကုလားပဲ (ဆောင်း)သီးနှံကိုလည်း စိုက်ပျိုးကြကြောင်း၊ ကျောက်ဆည်မြို့နယ်၌ ကုလားပဲ(ဆောင်း) စိုက်ဧက ၃၀၀၉၈ ဧက စိုက်ပျိုးထားရှိရာ ၁၁၅၄ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ကုလားပဲ(ဆောင်း)သီးနှံကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလနှင့် မတ်လများတွင် ရိတ်သိမ်းသည့်အတွက် ယခုအချိန်တွင် ကုလားပဲ (ဆောင်း)သီးနှံများ လှိုင်လှိုင် ထွက်ပေါ်လျက်ရှိကြောင်း၊ V2 ကုလားပဲမျိုးနှင့် ရိုးရိုးကုလားပဲလုံးသေးမျိုးများရှိပြီး V2 ကုလားပဲမျိုးကိုသာ အများဆုံး စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ကေလျှင် မျိုးစေ့ တစ်တင်းခွဲနှုန်းခန့် စိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် သုံးသိန်းခန့် ကုန်ကျပြီး ၁၁-၁၂ တင်းနှုန်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့်တောင်သူများမှ ကုလားပဲသီးနှံများကို ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် မန္တလေးနှင့်ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း၊ ကုလားပဲသီးနှံသည် ကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ်ရရှိသော သီးနှံဖြစ်၍ နှစ်စဉ် တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

DOCA(မန္တလေး)



## ၁၇-၃-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၅၀၀၀ | ၁၁၁၀၀ | ၂၅၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၉၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၃၀၀ | ၂၂၀၀၀ | - | ၁၈၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၅၅၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၁၉၀၀၀ | ၇၈၅၀ | ၁၆၅၀၀ | ၃၅၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၇၈၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၈၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ |
| ၄ | လွိုင်ကော် | ၄၀၀၀ | | ၇၅၀၀ | ၁၈၀၀၀ | ၇၇၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | | | ၃၀၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၆၅၀၀ | ၈၀၀၀ | ၄၅၀၀ | ၅၈၀၀ | ၁၇၀၀၀ | ၂၉၀၀၀ | ၂၅၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၇၀၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၁၀၀ | ၁၈၀၀၀ | ၇၆၅၀ | ၁၂၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၆၅၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၁၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၅၄၅၀ | ၂၀၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | | ၇၀၀၀ | ၇၀၀ | ၁၁၀၀၀ | ၇၈၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၁၉၀ | ၁၆၀၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၅၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၃၀၀ | ၂၀၀၀၀ | ၇၃၀၀ | ၁၄၅၀၀ | ၄၃၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၃၂၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၁၅၀ | | ၄၉၅၀ | ၂၁၀၀၀ | ၇၆၅၀ | ၉၅၀၀ | ၂၅၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၆၂၀၀ | ၁၁၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၀၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၃၅၀ | | ၅၇၀၀ | ၁၅၅၀၀ | ၈၁၀၀ | ၁၅၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၂၁၀၀၀ | ၁၂၀၀၀ | ၅၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၉၅၀၀ | ၉၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၀၁၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၃၀၀ | ၆၂၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၃၅၀၀ | ၈၀၀ | ၉၅၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၁၀၀ | | ၆၄၀၀ | ၁၆၀၀၀ | ၇၈၀၀ | ၁၁၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၁၂၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၇၀၀ | ၁၃၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၆၅၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၇၀၀ | ၁၂၅၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀ | ၉၀၀၀ | ၆၅၀၀ | ၉၀၀၀ | ၄၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၈၀၀ | ၇၅၉၀ | ၁၆၀၀၀ | ၂၄၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၉၂၀၀ | ၃၆၀၀ | ၇၀၀ | ၉၀၀၀ | ၅၈၀၀ | ၇၇၀၀ | ၄၈၀၀ | ၅၄၀၀ | ၁၈၆၀၀ | ၃၀၀၀၀ | ၂၆၅၀၀ | ၃၄၀၀၀ | ၁၃၆၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၅၉၀ | ၁၆၂၀၀ | ၂၆၀၀ | ၁၃၄၀၀ | ၁၆၅၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀ | ၉၂၀၀ | ၆၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၄၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | ၃၄၀၀၀ | ၁၄၀၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၉၀၀၀ | ၁၄၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၇၅၀၀ | ၂၆၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မတ် ၁၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဘားအံစက်မှုဇုန်အနီး၌ မော်တော်ယာဉ် ၂၂ စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၃၉ မျိုး၊ လူသုံးကုန်ပစ္စည်း ၂၉ မျိုး၊ စားသောက်ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၆၇၆၂၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီး၊ Hino Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Star Light Truck တစ်စီး၊ Dong Feng Tractor Head ငါးစီး၊ Chenglong Tractor Head သုံးစီး၊ Nissan Diesel Tractor Head သုံးစီး၊ Hino Tractor Head နှစ်စီး၊ Scania Tractor Head နှစ်စီး၊ Mitsubishi Fuso Tractor Head တစ်စီး၊ Howo Sino Tractor Head တစ်စီး၊ Volvo Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ၁၈ တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၄၆၇၆၂၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့ပြင် မတ် ၁၅ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရပ်စောက်မြို့နယ် ဗထူးတပ်နယ်မင်းကြီးသုံးပါးပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၁၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၀၀၀၀၀၀)ကိုလည်းကောင်း၊ ရှမ်းပြည်နယ်တောင်ကြီးမြို့အထွက် ၄ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ မိုင်းရယ်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော လက်ကောက်ကွင်းကြမ်း(ဆိုက်စုံ) ၈၀၉ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၈၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Foton Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၃၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့သွားရောက်မည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၈၈၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Lwin Kyaw Bus တစ်စီးနှင့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၉၈၈၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မတ် ၁၆ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ် ရွှေဟင်္သာရပ်ကွက် အမှတ် (4A, 45-1)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၅၂၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၁၇ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံဖြူဇရပ်မြို့နယ် ကဒါတ်ထောက်ကျေးရွာလှေဆိပ်အနီး၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ပီပါ ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၅၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် လေးစီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၅၀၀၀၀၀ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မတ် ၁၄ ရက်၊ ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၆၇ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၆၄၈၁၃၆၀၀ ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီး စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## ဖလမ်းမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းတိုက်ခိုက်မှုကြောင့် ဘုရားကျောင်းနှင့် အဆောက်အအုံများပျက်စီးခဲ့ဟု မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်ချိ

**နေပြည်တော် မတ် ၁၇**

ချင်းပြည်နယ် ဖလမ်းမြို့နယ်၌ လုံခြုံရေး တပ်ဖွဲ့ဝင်များက လေကြောင်း တိုက်ခိုက်ခဲ့မှုကြောင့် ဘုရားကျောင်းနှင့် လူနေအဆောက်အအုံများ ပျက်စီးခဲ့ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်ချိမှုများ လုပ်ဆောင်လျက်ရှိနေကြောင်း သိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ပြောကြားချက်အရ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါ မြို့နယ်အတွင်း ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်အတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး စစ်ရေးပစ်မှတ်မဟုတ်သည့် အဆောက်အအုံများအား အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်း မရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် အေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူများ စိုးရိမ်ထိတ်လန့်စေရန်နှင့် အကြောက်တရားလွှမ်းမိုးစေရန် လူနေအိမ်များကို အဝေးမှနေ၍ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်လိုသည့်အတွက် သတင်းတု၊ သတင်းမှားများဖြင့် ယခုကဲ့သို့ မဟုတ်မမှန် ဖြန့်ချိနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နောင်ချိုမြို့နယ် အုမ္မတီးကျေးရွာအနီးတိုက်ပွဲများတွင် တပ်မတော်မှ အဆိပ်ငွေ့ဗုံးများ အသုံးပြုတိုက်ခိုက်နေကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေ

**နေပြည်တော် မတ် ၁၇**

နောင်ချိုမြို့နယ် အုမ္မတီးကျေးရွာနှင့် အနီးဝန်းကျင်များတွင် ဖြစ်ပွားနေသည့် တိုက်ပွဲများ၌ တပ်မတော်မှ အဆိပ်ငွေ့ဗုံးများ အသုံးပြု တိုက်ခိုက်နေကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြင့် အများပြည်သူ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေလျက်ရှိသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းကျေးရွာနှင့် အနီးဝန်းကျင်များတွင် ခိုအောင်းလှုပ်ရှားနေသည့် အကြမ်းဖက်သမားများကို လေကြောင်းမှ တိုက်ခိုက်ခြင်းနှင့် မြေပြင်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှု များပြားလျက်ရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ထိုသို့ထိခိုက်သေဆုံးမှုများရှိပါက တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများဖြင့်




မဟုတ်မမှန် လှုံ့ဆော်ရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## MFF နွေရာသီ အခြေခံဘောလုံးနှင့် ဖူဆယ်အခမဲ့သင်တန်း ဖွင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၁၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က စီစဉ်သည့် MFF Summer Football Skills Course 2025 (AYA Pay / M21) နွေရာသီ အခြေခံဘောလုံးနှင့် ဖူဆယ် သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၇ ရက် နံနက်ပိုင်းက အမျိုးသား ဘောလုံးအကယ်ဒမီ (ရန်ကုန်) မြက်ခင်းတုကွင်း၊ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံနှင့် မန္တလေးမြို့ရှိ မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)တို့၌ ကျင်းပသည်။



MFF Summer Football Skills Course 2025 ဖွင့်ပွဲအခမ်းအနားကို အမျိုးသား ဘောလုံးအကယ်ဒမီ (ရန်ကုန်) မြက်ခင်းတုကွင်း၌ ပြုလုပ်စဉ်။

အမျိုးသား ဘောလုံး အကယ်ဒမီ (ရန်ကုန်) မြက်ခင်းတုကွင်း၌ ပြုလုပ်သည့် ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်က အမှာစကားပြောကြားပြီး ပံ့ပိုးကူညီကြသည့် AYA Pay ၊ M21 ၊ Good Morning တို့မှ တာဝန်ရှိသူများကို အမှတ်တရ လက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ ယင်းနောက် မြန်မာ့လက်ရွေးစင် ကစားသမားများက ကွင်းအတွင်းသို့ ဘောလုံးများကန်သွင်း၍ သင်တန်းအား ဖွင့်လှစ်ပေးခဲ့ပြီး စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကူးသည်။

ဆက်လက်၍ ဖူဆယ် သင်တန်းဖွင့်ပွဲ အခမ်းအနားကို MFF ဖူဆယ် အားကစားရုံ၌ ကျင်းပရာ ဖူဆယ်သင်တန်းသားများ၊ နည်းပြများ၊ တက်ရောက်လာသူများက ကွင်းအတွင်း စုပေါင်းဓာတ်ပုံရိုက်ကူးကြသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ နွေရာသီ ကျောင်းပိတ်ရက်များအတွင်း လူငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဘောလုံး အားကစားကို ပိုမိုချစ်မြတ်နိုးရေးနှင့် လူငယ်မျိုးဆက်သစ် ကစားသမားများ ပေါ်ထွက်လာရေးတို့အတွက် ရည်ရွယ်၍ နွေရာသီ အခြေခံဘောလုံးသင်တန်းများ (အသက် ၁၀ နှစ်မှ ၁၅ နှစ်) ကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် ပုသိမ်မြို့များတွင် အခမဲ့ ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်သည်။

နှစ်စဉ်ဖွင့်လှစ်လျက်ရှိသည့် အဆိုပါ နွေရာသီအခြေခံ ဘောလုံးသင်တန်းများကို ယခုနှစ်တွင် AYA Pay နှင့် M21 Sport တို့က အဓိကပံ့ပိုးထားပြီး Good Morning မှလည်း တွဲဖက်ပါဝင်ကူညီထားကာ ဘောလုံးသင်တန်းအပြင် ဖူဆယ်သင်တန်းကိုပါ ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။ နွေရာသီသင်တန်း MFF Summer Football Skills Course 2025 အခမဲ့သင်တန်းများကို ပထမအသုတ်၊ ဒုတိယအသုတ် နှစ်ကြိမ်ခွဲ၍ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား ၁၄၀၀ ကျော် တက်ရောက် သင်ကြားလျက်ရှိကာ အခြေခံဘောလုံးနှင့် ဖူဆယ် နည်းစနစ်များ သင်ကြားပေးနေသည်။

**ကိုညီလေး၊ ဓာတ်ပုံ-MFF**

## ပုသိမ်မြို့ ဌာနဆိုင်ရာရုံးများတွင် မီးဘေးကာကွယ်ရေး လက်တွေ့သရုပ်ပြ



ပုသိမ် မတ် ၁၇

ပုသိမ်မြို့ရှိ ဌာနဆိုင်ရာရုံးများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းကို မတ် ၁၆ ရက်က လိုက်လံဆောင်ရွက်ခဲ့သည်။

ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးဘေးလုံခြုံမှု ရှိစေရေးတို့အတွက် ပုသိမ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးတင်ထွန်း ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာရုံးများသို့ ကွင်းဆင်းစစ်ဆေးခြင်းနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**




## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML／CFT) ဆိုင်ရာ အသိပညာမြှင့်တင်ရေး ဟောပြောပွဲနှင့် အိမ်ခြံမြေပညာပေးသင်တန်း ဖွင့်လှစ်



ရန်ကုန် မတ် ၁၇

